# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၉ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၄၇)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ဧရာဝတီတိုင်း၌ မိုးစပါးဧက ၃၇ သိန်းပြည့်မီအောင် ကြိုးပမ်းစိုက်ပျိုးထုတ်လုပ် စပါးစိုက်ဧက ပိုမိုလာစေရေး ကျေးရွာတိုင်း၌ နေရာရနိုင်သမျှ စိုက်ဧကများတိုးချဲ့ ရေမြေအခြေအနေပေးသည့်နေရာများ၌ တစ်နှစ်ကို သုံးသီးစိုက်ပျိုးနိုင်ရေးစွမ်းဆောင်

**နေပြည်တော် ဇွန် ၈**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဇွန် ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်-ပုသိမ်ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ နံနက် ၉ နာရီတွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်ရှိ ဗိုလ်မြတ်ထွန်းတံတားသို့ ရောက်ရှိကြရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ✡



**စပေါင်းကောက်စိုက်နေမှု ကြည့်ရှုအားပေး**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ကျောင်းကုန်းမြို့နယ် ၂၀၀၇-၂၀၀၈ ခုနှစ် တစ်မိုးနှစ်သီး (ပထမ) မိုးစပါးစိုက်ပျိုးပွဲတွင် စပေါင်းကောက်စိုက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

**မြန်မာ့အလင်း ဆောင်းပါး အညွှန်း**

နောက်ပြောချင်တာတစ်ခုက ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စပါပဲ၊ ဒေါ်စုကြည်က တပ်မတော်အစိုးရ ဦးဆောင်ကျင်းပနေတဲ့ အမျိုးသားညီလာခံက ရေးဆွဲတဲ့ အခြေခံဥပဒေကို လက်မခံဘူး။ ကျွန်မကိုယ်တိုင် ရေးထားတဲ့ အခြေခံဥပဒေကိုပဲ သုံးမယ်ဆိုပြီး ငြင်းပယ်ပြန်တယ်။

အဲဒီ ဒေါ်စုတို့ရေးတဲ့ဥပဒေက အမျိုးသားညီလာခံမှာ တစ်ပြည်လုံးက တိုင်းရင်းသားကိုယ်စားလှယ်တွေ၊ တရားဝင်ပါတီကိုယ်စားလှယ်တွေ၊ တတ်သိပညာရှင်တွေ၊ ရှေ့မီနောက်မီ ပုဂ္ဂိုလ်ကြီးတွေ တက်ရောက်ညှိနှိုင်းဆွေးနွေးပြီး ရေးဆွဲထားတဲ့ အခြေခံဥပဒေလောက် ကျယ်ဝန်းပြည့်စုံမှု ရှိနိုင်မှာလား။

ရဲဘော်တင်ရွှေ၏ ဆောင်းပါး (စာ ၈-၉)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဇွန်လ ၉ ရက်)

# စလင်းချောင်းတံတား ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်း

နိုင်ငံတော်က ဧရာဝတီအနောက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဖော်ဆောင်လျက်ရှိရာ မကွေးတိုင်း မင်းဘူးခရိုင် စလင်းမြို့နယ်၌ စလင်းချောင်းကိုဖြတ်၍ တည်ဆောက်ထားသော စလင်းချောင်းတံတားကို ဇွန်လ ၆ ရက်နေ့က ခမ်းနားသိုက်မြိုက်စွာ ဖွင့်လှစ်ပေးခဲ့သည်။

စလင်းချောင်းတံတားကြီး တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ဧရာဝတီမြစ် အနောက်ခြမ်းရှိ တိုင်းရင်းသား ပြည်သူများသည် မြန်မာနိုင်ငံတောင်ပိုင်းမှ မြောက်ပိုင်း ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီမြစ် အရှေ့ခြမ်းရှိဒေသများသို့ လွယ်ကူချောမွေ့စွာ ရာသီမရွေး သွားလာနိုင်တော့မည် ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာ၍ ကုန်စည်စီးဆင်းမှုများ သွက်လက်မြန်ဆန်လာမည် ဖြစ်သည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံမှု များပြားလာပြီး ချစ်ကြည်ရင်းနှီးမှုများ တိုးပွားလာမည်ဖြစ်သည်။

ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ၏ သွားလာမှုချောမွေ့စေရန် ပုသိမ်-မုံရွာလမ်းမကို ဖောက်လုပ်ပေးခဲ့သည်။ ယင်းလမ်းမကြီးသည် ၄၅၂ မိုင်ရှိပြီး ပုသိမ်-ကွင်းကောက်-ဘက်ရဲ-အုတ်သျှစ်ပင်၊ အုတ်သျှစ်ပင်-မင်းတုံး-ပဒါန်း၊ ပဒါန်း-ကဏ္ဍန်းမ၊ ကဏ္ဍန်းမ-မြိုင်နှင့် မြိုင်-မုံရွာ လမ်းပိုင်းများကို ဆက်လက် အကောင်အထည်ဖော်လျက်ရှိသည်။

စလင်းချောင်းတံတားကို ဖြတ်ကျော်၍ ပုသိမ်-မုံရွာ လမ်းပိုင်းဖြစ်သော မြန်မာနိုင်ငံတောင်ပိုင်းနှင့် မြောက်ပိုင်းသို့လည်းကောင်း၊ အမ်းလမ်းမှ ရခိုင်ပြည်နယ်သို့လည်းကောင်း အချိန်ကုန် သက်သာစွာ သွားလာနိုင်ကြပြီ ဖြစ်သည်။

သို့ဖြစ်ရာ မကွေးတိုင်းရှိ တိုင်းရင်းသားပြည်သူများအနေဖြင့် ထုတ်ကုန်များ အခြားပြည်နယ်နှင့် တိုင်းများသို့ တင်ပို့နိုင်၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ကာ လမ်းပန်းဆက်သွယ်ရေး ပိုမိုချောမွေ့လာမည်ဖြစ်ရာ တံတားကြီး ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည် ဖြစ်သည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။




ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၃၅)ရပ်ကွက် သမာဓိလမ်း အမှတ် ၂၃၈ နေ ဦးခင်မောင်ကြီး-ဒေါ်မြဦး မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(စီမံ) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဝန်ကြီး ဗိုလ်ချုပ်စောထွန်း သရုးချောင်းဖြတ် ပဲပဒိုတံတား ကြံခိုင်မှုစစ်ဆေး

နေပြည်တော် ဇွန် ၈

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၃ရက် နံနက် ၈ နာရီက ပျဉ်းမနားမြို့မှ ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီး လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး လမ်းတစ်လျှောက် လမ်း၊တံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ လမ်းဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၅)မှ မိုင် ၃၀၊ ၂ဖာလုံ၌ စက်ယန္တရားကြီးများဖြင့် အကျယ် ပေ၄၀ လမ်းတာချဲ့ခြင်းလုပ်ငန်းနှင့် ၃၄ မိုင် ၇ ဖာလုံတွင် အကျယ် ၁၈ပေ ကျောက်ခင်းခြင်းလုပ်ငန်းတို့ကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။**

### တစ်ပါတည်းဆောင်ရွက်

ဝန်ကြီးက လမ်းတာချဲ့ခြင်းလုပ်ငန်းနှင့် တစ်ပြိုင်တည်း လမ်းကိုသိပ်သည်းအောင် ခင်းကြိတ်ရန်၊ ရေမြောင်းများကိုပါ တစ်ပါတည်း ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဇွန် ၄ရက် နံနက်ပိုင်းတွင် မင်းဘူးမြို့မှ မင်းဘူး-အမ်းကားလမ်းအတိုင်း အမ်းမြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး လမ်းလုပ်ငန်းများ မိုးတွင်းကာလ ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်နယ်စပ် ၆၁ မိုင်တွင် တာဝန်ခံ အင်ဂျင်နီယာများအား လုပ်ငန်းလိုအပ်ချက်များ မှာကြား၍ ဆက်လက်ထွက်ခွာရာ ၆၄မိုင်တွင် ကြက်ရေစမ်းလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

### ရှင်းလင်းတင်ပြ

ရှင်းလင်းဆောင်၌ လမ်းဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၃) အင်ဂျင်နီယာမှူး ဦးဘစောက မိမိတာဝန်ယူဆောင်ရွက်ရသော လမ်းအပိုင်း ၆၁မိုင်မှ ၈၈မိုင်အတွင်း ကတ္တရာလမ်းများ၊ ရေပြွန်များ၊ ရေမြောင်းများနှင့် တောင်ကမ်းပါးပြိုမှုများတွင် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်ကို ဝန်ကြီးအား ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ဤလမ်းသည် ရခိုင်ပြည်နယ်နှင့် ပြည်မဆက်သွယ်သည့် လမ်းကြီးများအနက် အဓိကကျသည့် လမ်းတစ်လမ်းဖြစ်သည်နှင့်အညီ အမြဲမပြတ် လမ်းကောင်းမွန်အောင် လုပ်ကိုင်ကြရန်၊ တောင်ပေါ်လမ်းဖြစ်သဖြင့် ရေစီးမြောင်းများ၊ ရေထုတ်ပြွန်များကို ဂရုပြု၍ ရေစီးရေလာ မှန်ကန်အောင် လုပ်ကိုင်ကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။ ဝန်ကြီးသည် လမ်းတစ်လျှောက် လမ်းတံတားများ စစ်ဆေး၍ ညနေပိုင်းတွင် အမ်းမြို့သို့ ရောက်ရှိသည်။

### ပဲပဒိုတံတား

ဝန်ကြီးသည် ဇွန် ၅ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့်အတူ မင်းဘူး-အမ်းလမ်း မိုင်တိုင် ၉၁မိုင် ၂ဖာလုံ၌ သရူးချောင်းကို ဖြတ်သန်းတည်ဆောက်ထားသည့် ပဲပဒိုတံတားကိုသွားရောက်၍ တံတား၏ကြံ့ခိုင်တောင့်တင်းမှုကို ကြည့်ရှုစစ်ဆေးရာ တံတားအင်ဂျင်နီယာချုပ် ဦးမြင့်လွင်က ရှင်းလင်းတင်ပြသည်။ တိုင်းမှူးနှင့် ဝန်ကြီးတို့က လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၉-၆-၂၀၀၇ (စနေနေ့)**

| | | |
|---|---|---|
| | | **နံနက်ပိုင်း** |
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၁၅ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၂၅ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇း၃၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၄၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၀ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | | **နေ့လယ်ပိုင်း** |
| ၁၂း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂း၂၀ | ၄။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၁၂း၂၅ | ၅။ | ကျန်းမာသုတ |
| ၁၂း၃၀ | ၆။ | ရုပ်မြင်သံကြားဇာတ်လမ်း **ဒူးနေရာဒူး၊ တော်နေရာတော် သရုပ်ဆောင်- ဒွေး၊ ခိုင်သင်းကြည် ဒါရိုက်တာ-မောင်မျိုးမင်း** |
| ၁၃း၅၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | | **ညပိုင်း** |
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| ၄း၂၅ | ၄။ | ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ |
| ၅း၂၅ | ၅။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၇။ | နိုင်ငံတကာသတင်း |
| ၆း၂၅ | ၈။ | မိုးလေဝသသတင်း |
| ၆း၃၀ | ၉။ | ဖွံ့ဖြိုးသာယာ ပြည်မြန်မာ |
| ၆း၄၀ | ၁၀။ | လျှပ်တစ်ပြက် |
| ၆း၄၅ | ၁၁။ | အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၇း၀၀ | ၁၂။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှိတော့ရှိတယ် ရှားတယ်** (အပိုင်း-၂၆) ဇာတ်သိမ်းပိုင်း |
| ၈း၀၀ | ၁၃။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၄။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၅။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၁၆။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အထူးရဲ** (အပိုင်း-၁၄) |

## ရွှေမြင့်မိုရ်ကျောင်းတိုက် ဓမ္မသဘင်

ရန်ကုန် ဇွန် ၈

မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဗဟုဇနဟိတဓရဘဒ္ဒန္တသောဘဏ(ဒီဃနိကာယကောဝိဒ သာသနဇဓ သိရီပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဇွန် ၁၈ရက်မှ ၂၇ရက်အထိ မိုးကုတ်ဆရာတော်၏ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည် ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈သို့ ဖြစ်စေ ဇွန် ၁၅ရက် နောက်ဆုံးထား စာရင်းပေးနိုင်ကြောင်းသိရသည်။

**(က-ပ)**




### လက်ခံယူ

**ဒေါက်တာ ဒေါ်ခင်နွဲ့ရီအား ရည်စူး၍ အမှတ်၂၉ ပတ္တမြားလမ်း (၁၉)ရပ်ကွက်ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေ ဦးစိန်တင်ဝင်းမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဦးဘညာဏ် လက်ခံယူစဉ်။**

(က-ပ)

**မြန်မာ့လူ့ဘောင် ဖွံ့ဖြိုးအောင် စွမ်းဆောင်ကြစို့ မြန်မာအမျိုးသမီးတို့**

*  ကျောဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ယာယီ ရှင်းလင်းဆောင်၌ စပါးစိုက်တောင်သူ များနှင့် တွေ့ဆုံရာ ချောင်းဆုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က မြို့နယ်အတွင်း ၂၀၀၇-၂၀၀၈ခုနှစ် မိုးစပါးလျာထားချက် ပျိုးထောင်ထား ရှိမှုစိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက် စိုက်ပျိုးရန်စီစဉ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး တောင်သူများက စပါးစိုက်ပျိုးရေးအတွက် ပံ့ပိုးကူညီ ပေးရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## ပူးပေါင်းဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တောင်သူများ၏ လိုအပ် ချက်များကို ဌာနဆိုင်ရာများနှင့် ညှိနှိုင်း ပေါင်းစပ်စီစဉ်ပေးပြီး အမှာစကား ပြော ကြားရာတွင် ဧရာဝတီကျွန်းဒေသရှိ ချောင်းဆုံမြို့နယ်သည် တနင်္သာရီ ကမ်းရိုးတန်းနှင့် တစ်ဆက်တစ်စပ် တည်း တည်ရှိနေသည်ဖြစ်၍ တနင်္သာရီ ကမ်းမြောင်ဒေသတွင်ပါဝင်သော ကမ်း ရိုးတန်းဒေသ အစိတ်အပိုင်းတစ်ခုဖြစ် ကြောင်း၊ ကမ်းရိုးတန်းဒေသ၏ ရာသီ ဥတု၊ ရေမြေ အနေအထားအရ စပါး စိုက်ပျိုး ဖြစ်ထွန်းရာနေရာပင် ဖြစ် ကြောင်း၊ မွန်ပြည်နယ်၏စပါးစိုက်ပျိုးမှု နှင့် ထွက်ရှိမှုအတွက် ဘီလူးကျွန်းဒေသ ကို အဓိက အားထားရာနေရာဖြစ်သဖြင့် ဒေသခံ တောင်သူများအနေဖြင့် စပါး စိုက်ပျိုးမှု တိုးတက်ရေးအတွက် စိုက်ပျိုး ရေးဆိုင်ရာဌာနများနှင့် အမြဲမပြတ် ထိတွေ့ လုပ်ကိုင်သွားကြရန် အရေးကြီး ကြောင်း၊ ယနေ့ကာလတွင် စိုက်ပျိုးမှု နည်းစနစ်များမှာ တိုးတက်ပြောင်းလဲ လျက်ရှိသည့်အလျောက် လက်မှု လယ် ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲ လုပ်ကိုင်ခြင်း၊ တိုးတက်ထွန်းကားလာ သော စိုက်ပျိုးမှု နည်းစနစ်များနှင့်အညီ တိုးတက်လုပ်ကိုင်ခြင်းနှင့် မျိုးကောင်း မျိုးသန့်စပါးများ ရွေးချယ်စိုက်ပျိုးသွား ကြရန်လိုအပ်ကြောင်း၊ ထို့ပြင်လယ်ယာ သုံး ထွန်စက်များကို အသုံးပြုကြခြင်း ဖြင့် လက်မှုလယ်ယာ လုပ်ကိုင်ခြင်း ထက် ပိုမိုထိရောက် တွင်ကျယ်လာမှာ ဖြစ်ကြောင်း၊ တစ်ဦးချင်း လက်တွန်း ထွန်စက်များ ဝယ်ယူရေးအခက်အခဲရှိ ပါက စုပေါင်းဝယ်ယူ ထွန်ယက်မှုစနစ် ဖြင့် ဆောင်ရွက်ပါက တောင်သူများ အားလုံး အဆင်ပြေမှာဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍ တစ်ခုတည်းသာမက ကဏ္ဍပေါင်းစုံ အတွက် နိုင်ငံနှင့်အဝန်းတွင် ပံ့ပိုး ဖြည့်ဆည်း ပေးသင့်သည်များကို ပံ့ပိုး ဆောင်ရွက်ပေးနေသည်မှာ အားလုံး အသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် တောင်သူများအနေဖြင့် မိမိတို့၏ စပါး တိုးချဲ့စိုက်ပျိုးမှု အောင်မြင်တိုးတက် စေရန် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိ ရပ်ဖ များ၊ ပြည်သူများနှင့် လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက် တွန်း ပြောကြားသွားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် စံပြ စိုက်ခင်းတွင် တောင်သူများ စုပေါင်း ထွန်ယက်နေမှုများကို ကြည့်ရှုအားပေး ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များ ချောင်းဆုံမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြပြီး အမျိုးသားလူနာဆောင်၊ ဆေးသိုလှောင် ခန်း၊ ခွဲစိတ်ခန်း၊ အမျိုးသမီးလူနာ ဆောင်၊ ဓာတ်မှန်ခန်းနှင့် ဓာတ်ခွဲခန်းတို့ ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာ များအား အားပေးစကား ပြောကြား သည်။

## အထူးဂရုပြု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဆေးပဒေသာပင် အလှူငွေ ကျပ်ငါးသိန်းကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းပြီး ဆေးရုံနှင့် ပတ်ဝန်း ကျင် အစဉ်သန့်ရှင်းသပ်ရပ်နေစေရေး အထူးဂရုပြု ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း၊ ချောင်းဆုံ ဆက်သွယ်ရေးစခန်းသို့ သွားရောက်ကြ ရာ မွန်ပြည်နယ်မန်နေဂျာ ဦးသိန်းဝင်း က ချောင်းဆုံမြို့ လိုင်း ၅၀၀ အော်တို တယ်လီဖုန်းစီမံကိန်း ဆောင်ရွက်နေမှု အခြေအနေနှင့် အော်တိုအိတ်ချိန်း မြို့တွင်းကေဘယ်လိုင်း ၅၀၀ ဖြန့်ကြက် ထားမှု အခြေအနေတို့ကို ရှင်းလင်းတင် ပြရာ တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက စီမံကိန်းလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီကြိုးပမ်းဆောင် ရွက်ရေးနှင့် သတ်မှတ်ကာလ အချိန်မီ ပြီးစီးရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ချောင်းဆုံ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြပြီး ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူနေမှု များကို ကြည့်ရှုအားပေးကြသည်။

## ပေးအပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ကျောင်းဆောင်သစ် တိုးချဲ့ ဆောက်လုပ်ရေးအတွက် လိုအပ်သည် များကို ဖြည့်ဆည်းစီစဉ်ဆောင်ရွက်ပေး ပြီး စာသင်ခုံများ ဝယ်ယူရန်ငွေကျပ် ၁၀ သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမူထံ ပေးအပ်လှူဒါန်း သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျွန်း သာယာခန်းမ၌ ချောင်းဆုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ ရပ်ကွက်နှင့်ကျေးရွာအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ ဥက္ကဋ္ဌများ၊အဖွဲ့ဝင်များနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ရပ်ကွက် နှင့် ကျေးရွာဖွဲ့စည်းမှုအခြေအနေနှင့် မြို့၏ ဒေသန္တရဆိုင်ရာ အချက်အလက် များ၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ရပ်ကွက်နှင့်ကျေးရွာ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာအလိုက် တာဝန်ယူ ဆောင်ရွက်နေမှုများနှင့် ပံ့ပိုး ဖြည့်ဆည်း ပေးရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ရှင်းလင်းတင်ပြချက်များ အပေါ် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိုင်ငံတော်၏ အုပ် ချုပ်ရေးယန္တရားတွင် အခြေခံ အဖွဲ့ အစည်းမှ တာဝန်ရှိသူများသည် ကျေး ရွာများ ဖွံ့ဖြိုးတိုးတက်အောင် ဒေသခံ ပြည်သူများနှင့် ပူးပေါင်းပြီး တက်တက် ကြွကြွဆောင်ရွက်ကြရေး၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထား ဆောင်ရွက်ကြရေး၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အမျိုးသားရေး စိတ်ဓာတ် ပြည့်ဝစွာခံယူ ကျင့်သုံးဆောင်ရွက်သွား ရေး၊ နိုင်ငံတော်က ချမှတ်ထားသော နိုင်ငံရေး ဦးတည်ချက်၊ စီးပွားရေး ဦးတည်ချက်၊ လူမှုရေးဦးတည်ချက် များကို အကောင်အထည်ဖော် ဆောင် ရွက်သွားကြရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက် ရေး လုပ်ငန်းများကို ဒေသခံပြည်သူ များနှင့် ပူးပေါင်း ဆောင်ရွက်သွားရေး စသည်တို့ကိုအကျယ်တဝင့် မှာကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသူများ အား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ချောင်းဆုံ မြို့မှ ရေယာဉ်ဖြင့် မော်လမြိုင်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြ သည်။ **(သတင်းစဉ်)**

# အနာဂတ်၌ မီဒီယာလုပ်ငန်းများခေတ်မီတိုးတက်ရေး ကြိုးပမ်းဆောင်ရွက် နည်းပညာများကို မျက်ခြည်ပြတ်မခံဘဲ လေ့လာဆည်းပူး

နေပြည်တော် ဇွန် ၈

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအရာရှိ စွမ်းရည်မြှင့်သင်တန်း(၂/၂၀၀၇)ဆင်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။**





အဆိုပါ သင်တန်းဆင်းပွဲ အခမ်း အနားသို့ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊အထွေထွေ မန် နေဂျာနှင့် ညွှန်ကြားရေးမှူးများ၊ တာဝန် ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက် ရောက်ကြသည်။

## အမြဲရပ်တည်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ သင်တန်းဆင်းပွဲ အခမ်းအနားသည် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဖွင့်လှစ်ခဲ့သည့် အရာရှိ စွမ်းရည်မြှင့် သင်တန်း(၂/၂၀၀၇) သင်တန်းဆင်း အခမ်းအနား ဖြစ်ကြောင်း၊ မိမိဌာန၏ လုပ်ငန်းများကို အသိဉာဏ် ဗဟုသုတ ပြည့်စုံကြွယ်ဝစွာ ဆောင်ရွက်နိုင်ရန် သင်တန်းပြီးမြောက်သည့်နေ့လည်းဖြစ် ကြောင်း၊ နိုင်ငံတော်နှင့် ဝန်ကြီးဌာန အတွက်လည်း အမျိုးသားအကျိုးစီးပွား ဘက်က အမြဲရပ်တည်ပြီး ကာကွယ် ဆောင်ရွက်နိုင်ကြမည့် ဝန်ထမ်းများ တိုးပွားသည့်နေ့လည်းဖြစ်ကြောင်း။

## လေ့လာဆည်းပူး

ယင်းသင်တန်းကို ရည်ရွယ်ချက် (၃)ရပ်ဖြင့် ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ် ကြောင်း၊ ပထမရည်ရွယ်ချက်မှာ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့် တင်ရေးဖြစ်ကြောင်း၊ ယနေ့ခေတ်သည် သတင်းအချက်အလက်နည်းပညာ ခေတ်ဖြစ်ကြောင်း၊ အနာဂတ်ကို ကြို တင်မျှော်တွေးပြီး မိမိတို့၏ မီဒီယာလုပ် ငန်းများခေတ်မီ တိုးတက်လာအောင် လူ့စွမ်းအား အရင်းအမြစ်များ တိုးတက် အောင်ဆောင်ရွက်ကြရန်နှင့် စဉ်ဆက် မပြတ် တိုးတက်နေသော နည်းပညာ များကို မျက်ခြည်ပြတ်မခံဘဲ လေ့လာ ဆည်းပူးကြရန်လိုအပ်ကြောင်း။

ပြန်/ဆက်ဝန်ထမ်းများသည် ပြည်သူများနှင့် နီးကပ်စွာ ထိတွေ့ ရသည့် ဝန်ထမ်းများ ဖြစ်သဖြင့် ပြည် သူများကို မှန်ကန်စွာ စည်းရုံးဆွေးနွေး တတ်ရန်လိုအပ်ကြောင်း။

စည်းရုံးရေးမှူးကောင်း တစ်ဦး၊ တည်ဆောက်ရေးမှူးကောင်းတစ်ဦး ဖြစ်လာရန် ကြိုးစားကြရန်လိုအပ် ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာ တွင် မိမိ၏အားနည်းချက်များကို လျော့ပါးပြီး အားသာချက်များကို တိုး တက်နေအောင် လုပ်ဆောင်ကြရန် လိုကြောင်း။

## တိုက်ဖျက်ချေမှုန်း

နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပြည်သူများပူးပေါင်း ပါဝင်လာအောင် မီဒီယာနည်းဖြင့် စည်းရုံးကြရန်လိုအပ်ကြောင်း၊ ထို့အ ပြင် အဖျက်သမားများ၏ အန္တရာယ် ကိုလည်း မီဒီယာနည်းဖြင့် တိုက်ဖျက် ချေမှုန်းသွားကြရန်လိုကြောင်း။

ဒုတိယရည်ရွယ်ချက်မှာ ဝန်ထမ်း များ၏ စိတ်ပိုင်းဆိုင်ရာ၊ အရည်အသွေး ပိုင်းဆိုင်ရာ မြင့်မားရေးဖြစ်ကြောင်း၊ အခြေခံ လိုအပ်ချက်မှာ မျိုးချစ် စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ မိမိတို့ ဒေသအသီးသီးရှိ ပြည်သူများတွင် ပြည်ထောင်စုကိုချစ်သည့်စိတ်၊ နိုင်ငံ တော်ကိုချစ်သည့်စိတ်တို့ တိုးပွားလာ အောင် စည်းရုံးကြိုးပမ်းသွားကြရန် လိုအပ်ကြောင်း။

## ကျေပွန်စွာထမ်းဆောင်

တတိယရည်ရွယ်ချက်မှာ ဝန်ကြီး ဌာန၏ ရည်မှန်းချက်တာဝန်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် ဖြစ်ကြောင်း၊ ဝန်ထမ်းများသည် မိမိ တို့၏ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုအပ်ကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအတွက် ၂၀၀၇-၂၀၀၈ ခုနှစ် ရည်မှန်းချက် တာဝန်(၉)ရပ် ချမှတ် ပေးထားကြောင်း၊ ယင်းတို့ထဲမှ အရေး ကြီးသော အချက်တစ်ချက်ကို အဓိက မှာကြားလိုကြောင်း။

## အားလေးအားဖြင့်ဆောင်ရွက်

ယင်းအချက်မှာ ယနေ့တစ်နိုင်ငံလုံး ၌ ဖွင့်လှစ်ထားပြီးဖြစ်သည့် စာကြည့် တိုက်ပေါင်း ၅၅၇၁၇ တိုက်ကို func- tion ဖြစ်အောင် ဆောင်ရွက်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက် ရန် လိုအပ်ကြောင်း၊ ကျေးလက် စာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မြဲအောင် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်(၅)ရပ်ကိုလည်း ချမှတ် ထားကြောင်း၊ ယင်းလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်အောင် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏အား၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၏အား၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏အားနှင့် ပြည်သူနှင့် မိမိဌာန၏အား စသည့် အားလေးအား ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ် ကြောင်း။

## အမှာစကားပြောကြား

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိ စွမ်းရည်မြှင့် သင်တန်း (၂/၂၀၀၇) ဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

## လက်တွဲပူးပေါင်း

နိဂုံးချုပ်အနေဖြင့် သင်တန်းသား သင်တန်းသူများသည် မိမိလုပ်ငန်း၊ မိမိဦးစီးဌာနလုပ်ငန်းနှင့် မိမိဝန်ကြီး ဌာန၏ လုပ်ငန်းများကို စေတနာ ထားပြီး ဆောင်ရွက်ကြရန်၊ သင်တန်း တွင် ပို့ချခဲ့သော သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် ပြည်သူကြား သို့ ဝင်ရောက်၍ အကျိုးရှိရှိ အောင် မြင်ထိရောက်အောင် ကြိုးစားသွား ကြရန်နှင့် နိုင်ငံတော်ရှေ့ဆက်သွား မည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင် အောင် အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြရန် မှာကြားလို ကြောင်းဖြင့် ပြောကြားသွားသည်။

## ဆုများပေးအပ်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက သင်တန်းတွင် ထူးချွန် ပထမဆုရ ဒေးဒရဲမြို့နယ်မှ ကသ အမှတ်(၃၁) ဒေါ်ဖြူဖြူရည်အား လည်း ကောင်း၊ ထူးချွန်ဒုတိယဆုရ ဒဂုံမြို့နယ် မှ ကသအမှတ်(၄) ဒေါ်ယဉ်ယဉ်နုအား လည်းကောင်း၊ ထူးချွန်တတိယဆုရ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ ကသ အမှတ်(၉) ဒေါ်ဆွေဆွေဦးအားလည်း ကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက သင်တန်းထောက်ပံ့ငွေ ကျပ် ငါးသောင်းခြောက်ထောင်ကို သင်တန်းသားများကိုယ်စား သင်တန်း သားခေါင်းဆောင် ဦးအောင်ကျော်မိုးထံ ပေးအပ်ချီးမြှင့်သည်။

## ဂုဏ်ပြုလက်ဆောင်ပေး

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးချစ်နိုင်က သင်တန်း နည်းပြများကိုယ်စား သင်တန်း နည်းပြ ဒုတိယရဲမှူးကြီးဌေးအောင်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က သင်တန်းဆင်းလက်မှတ် များကို သင်တန်းသားများကိုယ်စား သင်တန်းသားဒုတိယခေါင်းဆောင် ဦးမြတ်လှိုင်အား ပေးအပ်ပြီး သင်တန်း ဆင်းပွဲအခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

## ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိစွမ်းရည်မြှင့်သင်တန်း(၂/၂၀၀၇) သို့ တက်ရောက်ခဲ့ကြသော သင်တန်း သား သင်တန်းသူများအား ရင်းရင်း နှီးနှီးနှုတ်ဆက်ပြီး သင်တန်းသားများ ၏ လက်တွေ့ဆောင်ရွက်သည့် နံရံကပ် စာစောင်များနှင့် လက်ကမ်းစာစောင် များကို ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းသို့ နယ်စပ် ဒေသများ အပါအဝင် ပြည်နယ်နှင့် တိုင်းများမှ သင်တန်းသား သင်တန်းသူ ၅၆ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မေ ၁၄ ရက်မှ ယနေ့အထိ ကြာမြင့်ခဲ့ကြောင်း သိရှိ ရသည်။ **(သတင်းစဉ်)**

# အင်အားအသင့်အတင့်ရှိမြေငလျင်လှုပ်

**နေပြည်တော် ဇွန် ၈**

ယမန်နေ့ မြန်မာစံတော်ချိန် ညသုံးနာရီ၅၃မိနစ်တွင် မန္တလေး မြေငလျင် စခန်း၏ အရှေ့မြောက်ဘက် မိုင်၃၈၀ခန့်အကွာ ပြည်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး (၅ ဒသမ ၈)အဆင့်ရှိ အင်အားအသင့် အတင့် ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိသည်။ **(သတင်းစဉ်)**

## ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ရန်ကုန်-ပုသိမ် ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းကျေးရွာ တောင်သူဦးလှငွေ၏ တစ်မိုးနှစ်သီးစပါး ၃ဒသမ ၄၄ဧက စိုက်ခင်းရှေ့၌ ကျင်းပသော ကျောင်းကုန်းမြို့နယ်၏ ၂၀၀၇-၂၀၀၈ ခုနှစ် တစ်မိုးနှစ်သီး(ပထမ)မိုးစပါး စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

### ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးကြည်သိန်းက ကျောင်းကုန်းမြို့နယ်၏ ၂၀၀၇-၂၀၀၈ခုနှစ် မိုးစပါး စိုက်ပျိုးရန်လျာထားမှု၊ မြေပြင်ပြီးစီးမှု၊ ပျိုးထောင်ပြီးစီးမှု၊ တစ်မိုးနှစ်သီး စိုက်ပျိုးသွားမည့်အစီအစဉ်၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းပြောင်းလဲ စိုက်ပျိုးသွားမည့် အစီအစဉ်များ၊ မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်နေသည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စပါးစိုက်ဧက ပိုမိုလာစေရန် ကျေးရွာတိုင်း၌ နေရာရနိုင်သမျှ စိုက်ဧကတိုးချဲ့ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိအောင် နည်းလမ်း လေးသွယ်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး၊ အထွက်တိုးစပါးမျိုး ပြောင်းလဲစိုက်ပျိုးရေး၊ ရေမြေ အခြေအနေပေးသည့် နေရာများ၌ တစ်နှစ်နှစ်သီး စိုက်ရန်နှင့် အခြားသီးနှံ တွဲဖက်ရေး၊ တစ်နှစ်သုံးသီး စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဇရပ်ကွင်းကျေးရွာရှိ တောင်သူဦးလှငွေ၏ တစ်မိုးနှစ်သီး စပါးစိုက်ကွင်း၌ ကောက်စိုက်နေမှုကို ကြည့်ရှုအားပေးပြီး ကောက်စိုက်သမများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

### အမှာစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ ကျောင်းကုန်းမြို့ရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အေးချမ်းသာယာခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညဏ်လှိုင်က မြို့နယ်ဆိုင်ရာ အချက်အလက်များ မိုးစပါး၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ ဧရာဝတီတိုင်း၏ အဓိက စီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများမှာလည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးပင် ဖြစ်ကြောင်း။

ဧရာဝတီတိုင်း၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း မြင့်မားပါက နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးမှုလည်း မြင့်မားမည်ဖြစ်ရာ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို တိုးတက်မြင့်မားအောင် ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ထမ်းဆောင်စဉ် ထူးခြားတိုးတက်စွာ အောင်မြင်မှုရရှိအောင် ကြိုးပမ်းကြရန် မှာကြားလိုကြောင်း။

### တိုးချဲ့စိုက်ပျိုး

အထူးသဖြင့် ဧရာဝတီတိုင်းသည် နိုင်ငံတော်၏ အဓိကစပါးစိုက်ပျိုးထုတ်လုပ်သော တိုင်းကြီးဖြစ်သဖြင့် စပါးစိုက်ပျိုး ထုတ်လုပ်မှုကို တိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိုးစပါး စိုက်ပျိုးထုတ်လုပ်မှုကို ယခုမိုးစပါးရာသီတွင် ဧက ၃၇သိန်း ပြည့်မီအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်နှစ်နှစ်သီးမှ သုံးသီး စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်း တိုးတက်ရေးကို အလေးထား ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ အထူးသဖြင့် အထွက်ကောင်းမျိုးများကို ရွေးချယ်စိုက်ပျိုးကြရေးနှင့် ကျေးရွာတိုင်း၌ ရနိုင်သမျှ လယ်မြေဧက တိုးချဲ့ ဖော်ထုတ် စိုက်ပျိုးကြရန်လိုကြောင်း။

အဓိကသီးနှံ (၁၀)မျိုး၊ နှစ်ရှည်သီးနှံ၊ အမယ်သစ်သီးနှံတို့ကို တိုးတက်စိုက်ပျိုးကြ၍ ပန်းတိုင်အထွက်နှုန်း ရရှိအောင် ကြိုးစားဆောင်ရွက်ရေးနှင့် ဒေသကြက်မွေးမြူရေးကို တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ် မွေးမြူနိုင်ရေး အားကြိုးမာန်တက် ဆောင်ရွက်ကြရေးတို့ကို အလေးထား ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရေကြည်မြို့နယ် ကိုင်းချောင်းကျေးရွာ၌ကျင်းပသော ရေကြည်မြို့နယ်၏ ၂၀၀၇-၂၀၀၈ခုနှစ် မိုးစပါး စုပေါင်း စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

### မျိုးကောင်းများစိုက်ပျိုး

ယင်းအခမ်းအနား၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးမျိုးဇော်က ရေကြည်မြို့နယ် မိုးစပါး စိုက်ပျိုးမှု၊ စပါးအထွက်နှုန်း မြင့်မားတိုးတက်စေရန် အထွက်ကောင်း မျိုးကောင်းများ ပြောင်းလဲစိုက်ပျိုးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရေကြည်မြို့နယ်၏ ပျမ်းမျှစပါးအထွက်နှုန်းမှာ ၇၄ ဒသမ ၈၅ တင်းထွက်ရှိရာ ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး တို့ကို မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် စံပြဧက ၁၀၀ စိုက်ကွက်တွင် မိုးစပါးစိုက်ပျိုးရန် ထွန်ယက်နေမှုများနှင့် တောင်သူဦးအုန်းသန်း၏ တစ်မိုးနှစ်သီး စပါးစိုက်ခင်း၌ ကောက်စိုက်သမများ စုပေါင်းကောက် စိုက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ကာ ဒေသခံတောင်သူလယ်သမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရေကြည်-အသုတ်-ကျုံပျော်ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာကြပြီး ကျုံပျော်မြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် လိုက်ပါလျက် ကျုံပျော်မြို့ ဘုရင့်နောင်ခန်းမ၌ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး တပ်မတော်သားများနှင့် မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ နယ်မြေခံတပ်ရင်း၏ ခြံစည်းရိုးကြက်ဆူစိုက်ခင်းအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ တပ်ရင်း၌ ခြံစည်းရိုးကြက်ဆူ ၃၅ဧကစိုက်ပျိုးထားရှိပြီး ဧက ၁၀၀ ပြည့်အောင် ဆက်လက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ငါးသိုင်းချောင်းမြို့သို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး ငါးသိုင်းချောင်းမြို့ရှိ အမျိုးသားခန်းမ၌ ရေကြည်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့တို့မှ ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

### ဖြည့်စွက်ရှင်းလင်း

တွေ့ဆုံပွဲ၌ ရှေးဦးစွာ ငါးသိုင်းချောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးရန်လင်းက ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မေးမြန်းဆွေးနွေးပြီး အမှာစကားပြောကြားရာ၌ အဓိက သီးနှံ(၁၀)မျိုး အနက် မိုးစပါး၊ နွေစပါး၊ ပဲ၊ ဆီထွက်သီးနှံ၊ နှစ်ရှည်ပင်ရော်ဘာ၊ အမယ်သစ်သီးနှံ ငရုပ်ကောင်း၊ အထူးသီးနှံ၊ ခြံစည်းရိုးကြက်ဆူတို့ကို မြို့နယ်အလိုက် သတ်မှတ်လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရန်လိုကြောင်း။

### စပါးမျိုးသစ်

ရေကြီးကွင်း ရေနက်ကွင်းများတွင် ရတနာဝင်းစပါးမျိုးကဲ့သို့ ရေနက်စပါးမျိုးသစ် အသုံးပြု၍ တစ်နှစ်နှစ်သီး စိုက်နိုင်အောင် နည်းလမ်းရှာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင် ပြန့်တီးသည့် အပင်များ နေရာ၌ အစားထိုးရန်အတွက်ပါ ထည့်သွင်းပျိုးထောင်ရန်လိုကြောင်း၊ မွေးမြူရေးနှင့် ပတ်သက်၍ ဒေသကြက်ကို အိမ်တိုင်း ဆယ်ကောင်စီ မွေးရေးအတွက် ထိရောက်စွာ တွန်းအားပေးဆောင်ရွက်ရန်လိုကြောင်း မှာကြားပြီး အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

### တက်ရောက်အားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငါးသိုင်းချောင်းမြို့မှ ပုသိမ်-မုံရွာ မော်တော်ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာလာကြပြီး ပုသိမ်ခရိုင် ရဲတပ်ဖွဲ့ ခြံစည်းရိုးကြက်ဆူ စိုက်ခင်း၌ ကျင်းပသည့် ရေကြည်မြို့နယ် ရဲတပ်ဖွဲ့ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

### ပြီးစီးမှု

အခမ်းအနားတွင် ပုသိမ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မြင့်က ပုသိမ်ခရိုင် ရဲတပ်ဖွဲ့အနေဖြင့် ခြံစည်းရိုးကြက်ဆူကို ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ၄၂၇ဧက လျာထားပြီး ၁၄၂ဒသမ၄၇ဧက စိုက်ပျိုး ပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးမှုကို နိုင်ငံတော်မှ အမျိုးသားတာဝန်ဖြင့် သတ်မှတ်ထားသည်နှင့်အညီ သတ်မှတ်ဧက ပြည့်မီအောင် စိုက်ပျိုးသွားကြရန်မှာကြားပြီး ခြံစည်းရိုးကြက်ဆူပျိုးပင်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမျိုးသမီးရေးရာအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံ ပြည်သူကိုယ်စားလှယ်များအား ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ပေးအပ်သည်။

### အားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူးတို့သည် သတ်မှတ်နေရာ၌ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲတွင် ပါဝင်စိုက်ပျိုးနေကြသူများအား လိုက်လံကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

## ဗိုလ်ချုပ်အောင်ဆန်းဈေး မိုးရာသီဈေးရောင်းပွဲတော်ဖွင့်

**ရန်ကုန် ဇွန် ၈**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ပတ္တမြားအိမ်ပြပွဲကျင်းပရေးလုပ်ငန်းစုတို့ ပူးပေါင်းကျင်းပသော ဗိုလ်ချုပ်အောင်ဆန်းဈေး မိုးရာသီဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်၉နာရီက အဆိုပါဈေးမုခ်ဦးရှေ့၌ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးလှအေး၊ ဈေးများဌာန ဌာနမှူး ဦးစိုးမြင့်နှင့် ဒုတိယဌာနမှူးများ တက်ရောက်ကြပြီး ဈေးများဌာန အနောက်ပိုင်းခရိုင်မှူး ဒေါ်ခင်နီနှင့် ပတ္တမြားအိမ်ပြပွဲကျင်းပရေး လုပ်ငန်းစု အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဗိုလ်ချုပ်အောင်ဆန်းဈေး မိုးရာသီဈေးရောင်းပွဲတော်ကို ဇွန်၈ရက်မှ ၁၂ ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ည ၇နာရီအထိ အရောင်းပြခန်း ၁၀၀ဖြင့် လူသုံး၊ အိမ်သုံးနှင့် စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ ဆေးဝါးပစ္စည်းမျိုးစုံ၊ အဝတ်အထည်မျိုးစုံနှင့်အလှကုန်ပစ္စည်းမျိုးစုံကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးသွားမည်ဖြစ်သည်။

### ရောင်းချ

အလားတူပင် မင်္ဂလာဈေး မိုးရာသီ ဈေးရောင်းပွဲတော်ကိုလည်း ဇွန် ၂၄ရက်မှ ၂၈ရက်အထိ ဖွင့်လှစ်ပြသ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



## မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

### ဗီတာမင်ဒီသည် ကင်ဆာဖြစ်ပွားမှုကို ဟန့်တားနိုင်

**ဗီတာမင်ဒီသည် ကင်ဆာရောဂါဖြစ်ပွားမှုကို ဟန့်တားကာကွယ်နိုင်ကြောင်း၊ အထူးသဖြင့် အသက်အရွယ်ကြီးရင့်လာသူ အမျိုးသမီးကြီးများအတွက် ပိုမိုအကျိုးပြုကြောင်း အမေရိကန်သုတေသန ပညာရှင်များ၏ သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြသည်။**

အကျိုးသက်ရောက်မှု

**စမ်းသပ်သုတေသနပြုမှုအသစ်အရ ဗီတာမင်ဒီသည် လူတို့တွင် ကင်ဆာရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးရာတွင် ထိထိရောက်ရောက် အကျိုးသက်ရောက်မှုရှိစေကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြသည်။**

ကျန်းမာသန်စွမ်း

**ဗီတာမင်ဒီ အမြဲတမ်းစားသုံးသောလူ၅၀ အား စစ်ဆေးကြည့်ရာတွင် ၎င်းတို့၏အရိုးများ အထူးကျန်းမာသန်စွမ်းပြီး ကင်ဆာရောဂါဖြစ်ပွားမှုလည်း ပြောပလောက်အောင် ဖြစ်ပွားမှုမရှိကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။**

ပုံမှန်စားသုံးသင့်

**ထို့အပြင် ဗီတာမင်ဒီသည် ခန္ဓာကိုယ်အတွင်းရှိဆဲလ်များ ရှင်သန်ကြီးထွားမှုကိုလည်း အထောက်အကူပေးကြောင်း၊ ထို့ကြောင့် ဗီတာမင်ဒီပါဝင်သော ငါးများကို ပုံမှန်စားသုံးသင့်ကြောင်း အကြံပြုထားသည်။**



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၉-၆-၂၀၀၇ (စနေနေ့)**

၇:၀၀ MRTV-4 အဖွင့် Logoယနေ့ အစီအစဉ်
၇:၀၅ ဘယ်အရေးဦးစားပေးမလဲတရားတော် (တောင်စွန်းဓမ္မဒူတအရှင်ဝိမလဆရာတော်)
၈:၀၀ တစ်ပတ်အတွင်းအားကစားသတင်း
၈:၁၅ တေးဂီတအစီအစဉ်
၈:၂၀ ပီတိသုခမြတ်ဒါန
၈:၄၀ သီချင်းကောင်းကောင်းသီချင်းတောင်း
၉:၁၀ ပြည်တွင်းသတင်းအကျဉ်း
၉:၂၀ တေးဂီတအစီအစဉ်
၉:၂၅ တိမ်လိပ်ခြွေကျမိုးယံနား၊ ဝေဟင်ပြတင်းဖွင့်လှစ်ထား
၉:၄၅ တေးဂီတအစီအစဉ်
၉:၅၀ ကလေးတို့အတွက်လက်ဆောင် (စာအိတ်ကလေး)
၁၀:၀၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀ မိုးလေဝသခန့်မှန်းချက်
၁၀:၁၅ ကောင်းကင်ယံကအန္တရာယ်
၁၀:၂၀ တေးဂီတအစီအစဉ်
၁၀:၂၅ ရှေ့သို့ရည်မှန်းမြန်မာ့စက်မှုလုပ်ငန်း
၁၁:၁၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀ 'စိတ်'မှ စတဲ့ သုံးထပ်ကွမ်း အကယ်ဒမီဆုရှင် 'ဝါဝါဝင်းရွှေ'
၁၂:၀၀ တေးဂီတအစီအစဉ်
၁၂:၀၅ Basic Computer Learning for Beginner (Vol-13) (Microsoft Excel)
၁၂:၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၂:၂၅ ဆန်းသစ်တီထွင်လာသော မြန်မာ့ဖိုင်ဘာ
၁၂:၃၅ တေးဂီတအစီအစဉ်
၁၂:၄၀ ချစ်စရာ့အဖော် 'Hamster'
၁၂:၅၅ တေးဂီတအစီအစဉ်
၁:၀၀ MRTV-4 အပိတ် Logo

**အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား

**၉-၆-၂၀၀၇ ရက် (စနေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အကပြိုင်ပွဲ
၈:၁၅ ၆။ တေးဂီတအစီအစဉ်
၈:၃၀ ၇။ International News
၈:၄၅ ၈။ Grammar Made Easy

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၁၅ ၆။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁၂:၂၅ ၇။ အိပ်မက်များကိုသိမ်းပိုက်ခြင်း သျှားညို၊ မင်းဟိဏ်း၊ ခင်လှိုင်၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ-သက်တင်)
၁၃:၁၀ ၈။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (အသွင်ရှုမငြီး ပင်းတယစက္ကူထီး)
၁၃:၂၅ ၉။ အကပြိုင်ပွဲ
၁၃:၃၀ ၁၀။ မူဟန်သွယ်သွယ်ဆိုကြမယ်
၁၃:၄၅ ၁၁။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၀၀ ၁၂။ သင်ပုန်းရေလှောင်တမံ
၁၄:၁၀ ၁၃။ အဆိုပြိုင်ပွဲ
၁၄:၁၅ ၁၄။ ရွှေလောင်းတံတား
၁၄:၂၅ ၁၅။ အတီးပြိုင်ပွဲ
၁၄:၃၅ ၁၆။ သယံဇာတ ဓီဝစုံလင် မြန်မာ့ပတ်ဝန်းကျင်
၁၄:၄၅ ၁၇။ International News.

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ နားဝင်ပီယံသူ့လက်သံ
၁၆:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၆:၅၀ ၅။ တေးဂီတအစီအစဉ်
၁၇:၀၅ ၆။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၇:၃၀ ၇။ ရသပေါ်လွင်သရုပ်ဆောင်လွှင်ပြင်
၁၈:၀၀ ၈။ ညနေခင်းသတင်း
၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၀။ အလှရှာမယ်လှကမ္ဘာဝယ်
၁၉:၀၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း-၃၂)
၂၀:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ပန်းနှင်းဆီ** (အပိုင်း-၂၃)
၁၆။ နောက်တစ်နေ့အစီအစဉ်

# ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် ရောဝတီတိုင်း၌ ကျင်းပ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဇွန် ၈

**၂၀၀၇ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၁ ရက် နံနက် ၉နာရီက ဧရာဝတီတိုင်း ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဦးစီးအရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စန်းနှင့်အဖွဲ့ဝင်များ၊ တိုင်း၊ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

### ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားကာ ၂၀၀၇ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့နှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ သဝဏ်လွှာကို တိုင်းကျန်းမာရေးဦးစီးဌာန ဒုတိယကျန်းမာရေး ဦးစီးမှူး ဒေါက်တာသန်းထွန်းမြင့်က ဖတ်ကြားပြီး တိုင်းဥပဒေအရာရှိ ဦးရဲအောင်မြင့်က ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေနှင့် ပတ်သက်၍ လည်းကောင်း၊ တိုင်းအထွေထွေရောဂါကုဆေးရုံကြီးမှ အထွေထွေရောဂါကုဆရာဝန် ဒေါက်တာဇော်အောင်က ဆေးလိပ်နှင့် ဆေးရွက်ကြီးတို့၏ ဆိုးကျိုးနှင့် ဖြစ်ပေါ်လာနိုင်သည့် ရောဂါများကိုလည်းကောင်း ရှင်းလင်းပညာပေး ဆွေးနွေးကာ တိုင်းမှူးနှင့် ဇနီး၊ တက်ရောက်လာသူများသည် ခန်းမအတွင်း ပြသထားသော ဆေးလိပ်မသောက်ရေး လှုံ့ဆော်ပိုစတာများ၊ ဆောင်ရွက်မှုမှတ်တမ်းများနှင့်လှုပ်ရှားမှုမှတ်တမ်းများကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ယာပုံ)**

### အမှာစကားပြောကြား

ငှင်းနောက် တိုင်းမှူးသည် မွန်းလွဲ ၂နာရီတွင် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၀၆-၂၀၀၇ခုနှစ် ဂုန်လျှော်နှင့် လျှော်ထွက်ပစ္စည်း စိုက်ပျိုးဝယ်ယူ ထုတ်လုပ်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

### ပေါင်းစပ်ညှိနှိုင်း

ထို့နောက် တက်ရောက်လာသူများ၏ ရှင်းလင်းတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဇွန် ၈**

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း (၁၇)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကို ဇွန်၂၉ရက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ၌ ကျင်းပမည်ဖြစ်ရာ ဆန်စပါးစိုက်ပျိုးကြိတ်ခွဲထုတ်လုပ်မှုဆိုင်ရာ ပညာပေးပြခန်းများနှင့် အရောင်းပြခန်းများကိုပါ ပူးတွဲခင်းကျင်းပြသရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

**MYANMAR WOMEN'S DAY**

**3rd July 2007**

# ဘုရင့်နောင်ဈေးကြီး သွေးလှူဒါန်းပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၈**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန လက်အောက်ရှိ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီးတွင် ဈေးသာယာရေးအဖွဲ့ သွေးလှူဒါန်းပွဲဖြစ်မြောက်ရေးကော်မတီမှ ကြီးမှူး၍ ဆဋ္ဌမအကြိမ်မြောက် သွေးလှူဒါန်းပွဲကို ဇွန်၂၁ရက်တွင် အဆိုပါဈေးကြီး၌ ကျင်းပမည်ဖြစ်သည်။

### လှူဒါန်းခဲ့

အမျိုးသားသွေးလှူဘဏ်(ရန်ကုန်)သို့ ယခင်(၅)ကြိမ် လှူဒါန်းခဲ့ရာတွင် သွေးပုလင်း ၁၀၉၂ ပုလင်းနှင့် ငွေကျပ် သိန်း ၄၀ လှူဒါန်းခဲ့ပြီးဖြစ်သည်။

သွေးလှူဒါန်းလိုသူများအနေဖြင့် သွေးလှူဒါန်းပွဲကော်မတီ ဥက္ကဋ္ဌ ဦးလှအေး ဖုန်း-၇၂၆၂၆၉၊ အတွင်းရေးမှူး ဦးခင်မောင်လွင် ဖုန်း-၀၉-၅၁-၆၉၀၉၂နှင့် ဘုရင့်နောင်ဈေး ဈေးသာယာရေးရုံး ဖုန်း-၆၈၂၀၁၉တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက်နေ ဒုတိယဗိုလ်မှူးကြီးကြည်မောင်(ငြိမ်း)-ဒေါ်ခင်ကြည်၊ မြေး မအင်ကြင်း၊ မောင်နိုင်ဦး၊ မဝင်းပပမျိုး၊ မခင်လေးနွယ် မိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် အလှူငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# ကျောက်ပန်းတောင်း၌ ခြစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

**မန္တလေးတိုင်း မြင်းခြံခရိုင်ကျောက်ပန်းတောင်းမြို့နယ်၏ ခြံစည်းရိုး ကြက်ဆူစုပေါင်းစိုက်ပျိုးပွဲကို မေ ၁၇ရက် နံနက် ၇နာရီက ကျောက်ပန်းတောင်း - မိတ္ထီလာ လမ်းမကြီးဘေး ဝဲယာ တစ်လျှောက်တွင်ကျင်းပရာ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးချုပ် သန်းထွန်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဝင်းငွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတိုင်းအေးနှင့် အသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်မေဖြိုးသွယ်နှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၃၃၀ တက်ရောက်၍ ပျိုးပင်ပေါင်း ၃၆၀၀ကို တပျော်တပါး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။**

(မြို့နယ် ပြန်/ဆက်)

# ယင်းမာပင်မြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့နယ် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ၂၇ရက် နံနက်၈နာရီက အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးစိုးတင့်အောင်က ကျောင်းအပ်နှံရေး အခမ်းအနားကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး နိုင်ငံတော်က ပံ့ပိုးပေးသော သူငယ်တန်း ပုံနှိပ်စာအုပ်များကို လက်ထောက်ပညာရေးမှူး ဦးကျော်ဌေးက ပေးအပ်ရာ ကျောင်းသားကျောင်းသူများက လက်ခံရယူသည်။ ထို့နောက် ယင်းမာပင်မြို့နယ် ရဲတပ်ဖွဲ့နှင့်လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်ပြည်သူများက စာရေးကိရိယာနှင့် ကျောင်းသုံးပရိဘောဂများကို လှူဒါန်းကြပြီး အမှတ်(၂)အခြေခံပညာမူလတန်းလွန် ကျောင်းဌေပဒေသာပင်မှ ချို့တဲ့နွမ်းပါးသော ကလေးငယ်များအတွက် ကျောင်းဝတ်စုံငါးစုံကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာရွှေက ထောက်ပံ့ပေးကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# တောင်ကြီးခရိုင် ပြန်/ဆက် စာဖတ်ဝိုင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချိုမောင်ဦးစီး၍ စာဖတ်ဝိုင်းကို မေ ၁၆ရက်က တောင်ကြီးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ကျင်းပရာ မေ ၁၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ရေနံ့သာမောင်ကျော်ညွန့်၏ ဖတ်မှတ်လေ့လာဆည်းပူးပါဆောင်းပါးအား ရပ်/သံကျွမ်းကျင်-၃ ဒေါ်ငြိမ်းငြိမ်းသန့်ကလည်းကောင်း၊ မေ၁၀ရက်ထုတ် ကြေးမုံသတင်းစာပါ ဆောင်းပါးရှင် ရတနာစည်ဆရာတော် (လွိုင်လင်)၏ ပန်းထောင်ပွင့်ဝေ-ရှမ်းတောင်မြင့်မြေ-၃ ဆောင်းပါးအား အငယ်တန်းစာရေး ဒေါ်ဖြူဖြူသော်ကလည်းကောင်း ဖတ်ကြားဆွေးနွေးကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**မြန်မာ့အလင်း**

**ပြည်တွင်း**

**သတင်း**

**အတိုအထွာ**

# စုပေါင်းရှင်ပြုပွဲ ဗန်းမော်မြို့၌ကျင်းပ

**ကချင်ပြည်နယ် ဗန်းမော်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ရှင် ၇၆ပါး စုပေါင်းရှင်ပြုအလှူတော် မင်္ဂလာအခမ်းအနားကို မေ ၁၈ရက် နံနက် ၈နာရီက ဇေယျမင်္ဂလာသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရေစက်ချ အနုမောဒနာ တရားနာယူကြသည်။ ဆက်လက်၍ သံဃာတော်များနှင့် ရှင်သာမဏေတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။**

(ခရိုင် ပြန်/ဆက်)

# အင်းတော်မြို့ သာယာလှပရေးဆောင်ရွက်

အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများသည် မြို့သန့်ရှင်းသာယာလှပရေးအတွက် ပြည်ထောင်စုလမ်းဘေးဝဲယာတစ်လျှောက် မြေယာရှုခင်းများ ပြုပြင်ခြင်း၊ ပန်းအလှပင်များ ပုံသွင်းကိုက်ညှိပုံဖော်ခြင်း၊ ပေါင်းမြက်များ ရှင်းလင်း ဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

# မြောက်ဥက္ကလာမြို့နယ် ထွေ/အုပ် ပညာသင်ထောက်ပံ့ငွေပေးအပ်

**မြောက်ဥက္ကလာမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းမိသားစုများ၏ သားသမီးများအား ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် ပညာသင် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ရက် နံနက် ၁၁နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းအောင်က အမှာစကား ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဦးတို့က ဝန်ထမ်းသားသမီး ကျောင်းသူကျောင်းသား ၁၈ဦးတို့အတွက် ပညာသင် ထောက်ပံ့ငွေကျပ် ၆၂၀၀၀ ပေးအပ်ကြောင်း သိရသည်။**

(မြို့နယ် ပြန်/ဆက်)

# စာရေးတံမဲဖောက်လှူဒါန်း

မကွေးတိုင်း ပခုက္ကူမြို့ သံခိပ်သံဖြူကျောင်း မူလပင်မ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတော်ကြီးတွင် မေ ၃၀ရက်က ပခုက္ကူမြို့ပေါ်ရှိ သီလရှင်များအား ပင့်ဖိတ်ပြီး အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဘဒ္ဒန္တသုန္ဒရက တစ်နှစ်တာလှူဒါန်းရရှိသော ဝတ္ထုပစ္စည်းများကို စာရေးတံမဲဖောက်လှူဒါန်းသည်။ အခမ်းအနားသို့ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊မြစ်ခြေနှင့်ကမ္မမြို့များမှ ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြကြောင်း သိရသည်။ **(၂၅၁)**

# ရန်ကုန်တိုင်း စီမံကိန်းရည်မှန်းချက်များ တာဝန်ပေး တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြား

**ရန်ကုန် ဇွန် ၈**

ရန်ကုန်တိုင်း၏ ၂၀၀၇–၂၀၀၈ ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၅ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ တိုင်း၊ခရိုင်၊ မြို့နယ်များမှ စီမံကိန်းဦးစီးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် သဘာပတိ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်း စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်သိန်းက ရန်ကုန်တိုင်း၏ ၂၀၀၇–၂၀၀၈ ခုနှစ် စီမံကိန်း ရည်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။

**တာဝန်များပေးအပ်**

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခုမှ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများသို့ စီမံကိန်းတာဝန်များပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက် လုပ် ရန် အတွက် ဆရာကြီး ဦးမှိုင်း (ပုပ္ပား) အား ရည်စူး၍ရန်ကုန်တိုင်း တောင် ဥ က္က လာ ပ မြို့နယ် ၉ ရပ်ကွက် သစ္စာလမ်း အမှတ် (၃၂၃)နေ ဇနီး ဒေါ်ခင်သူနှင့် သား၊ သမီး မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)

# မက္ခရာရွှေစည်းခုံစေတီတော်ကြီး ပြုပြင်ရန် ပထမအကြိမ် ငွေကျပ်သိန်း ၁၀၀ လှူဒါန်း

ရန်ကုန် ဇွန် ၈

**ရန်ကုန်တိုင်း သာကေတမြို့နယ် ရောဝဏ်လမ်းနှင့် မြခွာညိုလမ်းထောင့် မင်းရာဇာအိမ်ရာ အမှတ် D/7 နေ ဦးခင်မောင်အေး–ဒေါ်ခင်မာကြူ (KMA Co., Ltd.)၊ ညီမ ဒေါ်မူမူ၊ သား မောင်လင်းထွန်းလင်း၊ မောင်မိုးမြင့်ထက်၊ သမီး မသော်သော်ဇင်၊ မဖြိုးပြည့်စုံ မိသားစုတို့က မက္ခရာရွှေစည်းခုံစေတီတော်ကြီး ပြုပြင်ရန်အတွက် ပထမအကြိမ်အဖြစ် ငွေကျပ်သိန်း၁၀၀ လှူအပ်လှူဒါန်းပွဲ အခမ်းအနားကို စဉ့်ကိုင်မြို့ ရန်နိုင်ရပ် ဆန်းသီရိနေအိမ်တွင် မေ ၂၁ ရက်က ကျင်းပသည်။**

အခမ်းအနားသို့ မန္တလေးတိုင်း သံဃနာယကအဖွဲ့ (ရွှေကျင်) ကျောက်ဆည် မဟာဂန္ဓာရုံဆရာတော် စဉ့်ကိုင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဖားလင်ပိုးဆရာတော်၊ ကျောက်ဆည်မြို့နယ် သံဃနာယကအဖွဲ့(ရွှေကျင်) အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြသည်။

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ အလှူရှင်များက ကျောက်ဆည်မဟာဂန္ဓာရုံ ဆရာတော်ကြီးထံ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး အလှူရှင်များက အလှူငွေကျပ်သိန်း ၁၀၀ ကို မဟာဂန္ဓာရုံ ဆရာတော်ကြီး၏ ကပ္ပိယကာရကထံလွှဲအပ်ကာ **(ဝဲပုံ)** ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

**ရေစက်သွန်းချအမျှဝေ**

ဆက်လက်၍ ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး ကျောက်ဆည် မဟာဂန္ဓာရုံဆရာတော်ကြီး မိန့်ကြားတော်မူသည့်အနုမောဒနာ တရားတော်ကို နာယူကြကာ ရေစက်သွန်းချအမျှပေးဝေကြကြောင်း သိရသည်။ **(သတင်းစဉ်)**





# ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများတူးဖော် လမ်းများကောင်းမွန်ရေး စက်ယန္တရားများဖြင့် အကြီးစားပြုပြင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၈**

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည်တာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၅ ရက် နံနက် ၆ နာရီ ၄၅ မိနစ်က ရန်ကုန်အရှေ့ပိုင်းခရိုင်တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်ရှိ လယ်ယာရွှေမြေလမ်းသို့ ရောက်ရှိပြီး မေတ္တာညွန့်ရပ်ကွက်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် လယ်ယာရွှေမြေလမ်းနှင့်အနန္တဂုဏ်ရည်လမ်းဆုံ၌ အရှည်ပေ ၄၀၊ အကျယ် ၅ ပေနှင့် အနက် ၅ ပေရှိ အနန္တဂုဏ်ရည်လမ်းဖြတ် မြေအောက်ရေနုတ်မြောင်း ပြုလုပ်နေမှု၊ ကမ္ဘောဇ်ာန်းလမ်း၌ ရေနုတ်မြောင်းများ တူးဖော်ဖောက်လုပ်နေမှုနှင့် အရှည် ပေ ၅၀၊ အကျယ်၅ပေနှင့်အနက်၅ပေစီရှိဒဂုံလွင်လမ်းဖြတ် မြေအောက်ရေနုတ်မြောင်းများ ပြုလုပ်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး**(အပေါ်ယာပုံ)** တာဝန်ရှိသူများအား စံချိန်စံညွှန်းပြည့်မီစွာ ဆောင်ရွက်ကြရန်၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများကို တိုးချဲ့တူးဖော် ဖောက်လုပ်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းနှင့် ဝေဇယန္တာလမ်းဆုံအနီး သစ္စာလမ်းသို့သွားရောက်ပြီး သစ္စာလမ်းရေရှည်တည်တံ့ကောင်းမွန်ရေးနှင့် ယာဉ်သွားလာမှုလွယ်ကူချောမွေ့စေရေးတို့အတွက် စက်ယန္တရားဖြင့် အကြီးစားပြုပြင်ထိန်းသိမ်းနေမှု၊ ကျိုက္ကဆံချောင်းနှင့် ချောင်းအတွင်းသို့ စီးဝင်သည့် ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးတို့အတွက် အမှိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် လူသွားစင်္ကြံများရှိ ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**လွယ်ကူချောမွေ့**

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် သံသုမာလမ်း ရေရှည်တည်တံ့ကောင်းမွန်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာ လမ်းဆုံအနီး သံသုမာလမ်းကို စက်ယန္တရားဖြင့် အကြီးစားပြုပြင်ထိန်းသိမ်းနေမှုနှင့် မြောက်ဥက္ကလာပမြို့နယ်ရှိ သုဓမ္မာလမ်း ရေရှည်တည်တံ့ ကောင်းမွန်ရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် သုဓမ္မာလမ်းနှင့် ဝေဘာဂီလမ်းဆုံ(ခြောက်ကွေ့လမ်းဆုံ) အနီး သုဓမ္မာလမ်းကို စက်ယန္တရားဖြင့် အကြီးစားပြုပြင် ထိန်းသိမ်းနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများ သွက်လက်မြန်ဆန်မှုရှိစေရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန် စက်ယန္တရားများ အစဉ်ကြံ့ခိုင်မှု ရှိစေရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




**ဒဂုံမြို့သစ် (မြောက် ပိုင်း) မြို့နယ်(၄၄)ရပ်ကွက် ငွေစင် ၃ လမ်း အမှတ် ၈၀၉ နေ ဦးထွန်းသန်းစိန် – ဒေါ်အက္ကနက်ကိုင်ဖ မိသားစုက သမီး မနန့်မေသက်ထွန်း တစ်နှစ် ပြည့်အား ရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ် (၂) အဝေးပြေး လမ်းမကြီးပေါ် ရှိဦးလှထွန်း မေတ္တာ ရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ပါရဂူ ဗိုလ်မှူးကြီးမျိုးညွန့်၊ အဖွဲ့ဝင် ဦးစိုးအောင်ကျော်နှင့် ဒေါ်ချောကလျာတို့က လက်ခံယူစဉ်။** (က–ပ)

# တစ်ချက်တည်း ကျင်းဝင်

**ရန်ကုန် ဇွန် ၈**

ဦးအိုက်မွန်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ ဇွန် ၃ ရက် နံနက်၈နာရီက ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၇) ၌ ၁၄၃ ကိုက်အကွာမှ Srixon (4) ဘောလုံးကို Callaway No.7တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

**(သတင်းစဉ်)**





# ယခင်အတွေ့အကြုံများအပေါ် အခြေခံ ဘဏ်လုပ်ငန်းဖွံ့ဖြိုးရေး တက်ညီလက်ညီဆောင်ရွက် ငွေကြေးခဝါချမှုတားဆီးရေး ညွှန်ကြားချက်များလိုက်နာ

နေပြည်တော် ဇွန် ၈

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ အကြိမ်(၉၀)မြောက် လစဉ်အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ်များကြီးကြပ်ရေးကော်မတီ နာယက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတက်ရောက်၍ အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

ရှေးဦးစွာ ဘဏ်များကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းတို့က ဆွေးနွေးပြောကြားကြပြီး မြန်မာနိုင်ငံဘဏ်များအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များက တင်ပြရန်ရှိသည်များကို ရှင်းလင်းတင်ပြကြသည်။

## အမှာစကားပြောကြား

ထို့နောက် ဘဏ်များကြီးကြပ်ရေးကော်မတီ နာယက ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကား ပြောကြားရာတွင် ဘဏ်လုပ်ငန်းကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းနိုင်ရန် မြန်မာနိုင်ငံဘဏ်များအသင်းမှ အမှုဆောင်များကို လစဉ်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ဘဏ်များ အားလုံးသည် ယခင်အတွေ့အကြုံများအပေါ် အခြေခံပြီး ဘဏ်လုပ်ငန်းစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ သတ်မှတ်ထားသော ဥပဒေ၊နည်းဥပဒေ၊ စည်းမျဉ်းညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း။

ဘဏ်လုပ်ငန်းဆိုင်ရာ ပြည်တွင်း၊ ပြည်ပသတင်းအချက်အလက်များနှင့် ပညာရပ်ဆိုင်ရာ လေ့လာသုံးသပ်ရေး လုပ်ငန်းစဉ်များ ထိရောက်ထက်မြက်ရန် လိုအပ်ကြောင်း၊ ငွေကြေးခဝါချမှုကာကွယ်တားဆီးရေးဆိုင်ရာ အမိန့်နှင့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို တိကျစွာလိုက်နာ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး လစဉ်အစည်းအဝေး ကျင်းပပြီးစီးသွားသည်။

## ညှိနှိုင်းအစည်းအဝေးတက်ရောက်

ဆက်လက်၍ ဝန်ကြီးသည် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ၂၀၀၇–၂၀၀၈ ဘဏ္ဍာနှစ် လုပ်ငန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်စေရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

## အထူးအရေးကြီး

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကား ပြောကြားရာတွင် ၂၀၀၇–၂၀၀၈ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ပြီးစီးခဲ့သည့် လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာဖော်ထုတ်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ အစီအမံများကို တင်ပြဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဌာနအကြီးအကဲများသည် ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများ တည့်မတ် မှန်ကန်စေရေး၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စေရေးတို့အတွက် ဝန်ထမ်းအဆင့်ဆင့်နှင့် အမြဲထိတွေ့ ကြပ်မတ်သွားရန် အထူးအရေးကြီးကြောင်း။

## အလေးအနက်ထားဆောင်ရွက်

နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များကို အထောက်အကူပြုစေမည့် ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များ၊ ရည်မှန်းချက်များ ပြည့်မီကျော်လွန်စေရေးအတွက် စီမံချက်များ၊ နည်းလမ်းများ ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာလုပ်ငန်းတာဝန်များကို စိတ်စေတနာကောင်းဖြင့် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေ၊ နည်းဥပဒေများအတိုင်း တိကျမှန်ကန်စွာ၊ တာဝန်သိစွာ၊ ရိုးဖြောင့်စွာ အလေးအနက်ထား ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို သုံးသပ်တင်ပြကြသည်။

## အစဉ်သစ္စာရှိ

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက နိုင်ငံတော်၏ ဦးတည်ချက်များ ပြည့်မီအောင်မြင်စေရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် လစ်ကွက်၊ ဟာကွက်မရှိအောင် ထိရောက်ထက်မြက်နေရန် လိုအပ်ကြောင်း၊ဌာနအသီးသီးရှိဝန်ထမ်းအဆင့်ဆင့်သည် နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဖြင့် နိုင်ငံတော်အပေါ်အစဉ်သစ္စာရှိစွာ၊ ရိုးဖြောင့်မှန်ကန်စွာ တာဝန်ထမ်းဆောင်ကြရေးအတွက် ဌာနအကြီးအကဲများက ဦးစီးဆောင်ရွက်ကြရန် အထူးအရေးကြီးကြောင်းဖြင့် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး သန်လျင် ခေမာရာမ သီလရှင်စာသင်တိုက်သို့ ဆန်၊ ဆီနှင့် ဆွမ်းပဒေသာပင်များလှူဒါန်း



ရန်ကုန် ဇွန် ၈

**ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ သန်လျင်မြို့ ခေမာရာမ သီလရှင်စာသင်တိုက်သို့ ဆန်၊ ဆီနှင့် ဆွမ်းပဒေသာပင်များ၊ စာရေးကိရိယာများလှူဒါန်းခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အောင်ချမ်းသာ(၁)ရပ်ကွက်ရှိ အဆိုပါစာသင်တိုက်၌ ကျင်းပသည်။**

အခမ်းအနားသို့ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒုတိယတိုင်းမှူး၏ ဇနီး ဒေါ်ခင်မေလတ်၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်များမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ အလှူရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ဖွင့်လှစ်ပြီး သီလရှင်ဆရာကြီး၊ဆရာလေးများက မင်္ဂလသုတ်၊ မေတ္တာသုတ်များ ရွတ်ဆိုချီးမြှင့်ကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် မိသားစုမှလှူဒါန်းသော ဆွမ်းဆန်တော်ခြောက်အိတ်၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ လှူဒါန်းသော ဆီပိဿာ၂၀၊စောင်အထည်၂၀နှင့် ဆေးဝါးများ၊ ရန်ကုန်တောင်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ လှူဒါန်းသော ဆန်ခြောက်အိတ်၊ ဆားအိတ်၁၅၀၊ ဆပ်ပြာလေးပုံး၊ ဗလာစာအုပ်၁၂ဒါဇင်၊ သန်လျင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ လှူဒါန်းသော ဆန် ၁၀အိတ်၊ ဆီ ၁၀ ပိဿာ၊ ကြက်သွန်နီ၅၁ပိဿာ၊ ရွှေဝါဆပ်ပြာ ၁၈၅တောင့်နှင့် အလှူရှင် ဦးစိန်လွင်–ဒေါ်ဖြူဖြူခိုင် မိသားစုမှ လှူဒါန်းသော စာအုပ်ဒါဇင်၈၀နှင့် ခဲတံများကို တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များက သီလရှင် ဆရာကြီး၊ ဆရာလေးများထံ ဆက်ကပ်လှူဒါန်းကြသည်။

## ကြည့်ရှုအားပေး

ယင်းနောက် ခေမာရာမ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်စန္ဒမာလာ ဦးဆောင်သော သီလရှင်ဆရာကြီး၊ ဆရာလေးများက လှူဒါန်းမှုအစုစုအတွက် ဆုတောင်းမေတ္တာပို့သကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်ပြီး ကျောင်းတိုက်အတွင်းသီလရှင်ဆရာကြီး၊ ဆရာလေးများအား ကျန်းမာရေး စောင့်ရှောက်မှုများကို လိုက်လံကြည့်ရှု အားပေးကြသည်။ **(အပေါ်ပုံ)**

ယနေ့ အခမ်းအနားတွင် လှူဒါန်းမှုတန်ဖိုး စုစုပေါင်းမှာ ငွေကျပ် ၉၆၅၄၃၀ ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုရုပ်သံအဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇွန် ၈

**တရုတ်–မြန်မာနှစ်နိုင်ငံအစိုးရ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး အစီအစဉ်အရ နှစ်နိုင်ငံ၏ရုပ်မြင်သံကြားနယ်ပယ် စသည့်ဘက်များမှဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံတွင်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုရုပ်မြင်သံကြားဌာန (CCTV)မှ ညွှန်ကြားရေးမှူးချုပ် ကျောက်ဟွရ် (ဒုတိယဝန်ကြီးအဆင့်) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက် ၈နာရီက ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ရောက်ရှိကြရာ အလှည့်ကျဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

## ဖူးမြော်ကြည်ညို

ရှေးဦးစွာ ဧည့်သည်တော်ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ရွှေတိဂုံစေတီတော်ရင်ပြင် စနေထောင့်ရှိ ဧည့်ခံတန်ဆောင်းမှ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ အလင်းတိုင်နှင့် အမွှေးနံ့သာတိုင်တို့ဖြင့် ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကာ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

## ကြည့်ရှုလေ့လာ

ထို့နောက် ဧည့်သည်တော်ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ရင်ပြင်ရှိသာသနိကအဆောက်အအုံများကို ကြည့်ရှုလေ့လာသည်။

## ကျောက်မျက်ရတနာပြတိုက်လေ့လာ

ယင်းနောက် ဧည့်သည်တော် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

## ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုရုပ်မြင်သံကြားဌာန (CCTV)မှ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**



# ဒေါ်စုကြည်သို့ အိတ်ဖွင့်ပေးစာ

ဒေါ်စုကြည်–

ကျွန်တော်ဒေါ်စုကြည်ထံသို့ အိတ်ဖွင့်ပေးစာရေးပေးဖို့ စိတ်ကူးခဲ့တာကြာပါပြီ။ ဒေါ်စုကြည်ဟာ ကျွန်တော့်အသက်အရွယ်နဲ့စာရင် သမီးအရွယ်၊ တူမအရွယ်ပဲရှိပါတယ်။ ဒါပေမယ့် ဒေါ်စုကြည်ဟာ နိုင်ငံရေး အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ **NLD** ရဲ့ အတွင်းရေးမှူးဆိုတော့ လေးစားတဲ့အနေနဲ့ ဒေါ်စုကြည်ဆိုတာရယ်၊ ကျွန်တော်ဆိုတဲ့ အသုံးအနှုန်းရယ် သုံးလိုက်တာပါ။

ဒေါ်စုကြည်ဟာ ပါတီတစ်ရပ်ရဲ့ အဓိကခေါင်းဆောင်တစ်ဦးအနေနဲ့ ရေရှည်ခေါင်းဆောင်မှု ပေးနိုင်ဖို့ရယ်၊ နိုင်ငံရေးလောကမှာ ကိုယ့်ရဲ့အခန်းကဏ္ဍ လျော့ကျမသွားဖို့ရယ်၊ ဝေဖန်ရေးနဲ့ ကိုယ့်ကိုယ်ကို ဝေဖန်ရေး လုပ်ပေးဖို့လိုပါတယ်။

ကျွန်တော် စောင့်ကြည့်လေ့လာရသလောက် ပြောရရင် ဒေါ်စုကြည်ဟာ ဝေဖန်ရေးနဲ့ ကိုယ့်ကိုယ်ကိုဝေဖန်ရေးမှာ အင်မတန် အားနည်းနေတာကို တွေ့ရပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံရေးနယ်ပယ် ဆက်ဆံရေးမှာ ဒေါ်စုကြည်ဟာ "ငါသာလျှင်"ဆိုတဲ့ မာန်မာနထောင်လွှားခဲ့တဲ့ အပြောအဆို အပြုအမူတွေကို တွေ့မြင်နေရလို့ပါပဲ။

ပါတီစုံဒီမိုကရေစီခေတ် နိုင်ငံရေးပါတီတွေ ထူထောင်ခွင့်ရတော့ ဒေါ်စုကြည်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆိုပြီး နိုင်ငံရေးပါတီတစ်ဖွဲ့ ထူထောင်တယ်။ ကျွန်တော်တို့ကလဲ ပြည်သူ့ ဒီမိုကရေစီပါတီဆိုပြီး ထူထောင်တယ်။ အဲဒီကာလက တွေ့ခဲ့ကြုံခဲ့တာတွေကို သာဓကအဖြစ် ဒေါ်စုကြည်ကို ကျွန်တော်ပြောပြပါရစေ။

ဦးစွာပထမ ပြောချင်တာကတော့ ဒေါ်စုကြည်တို့က ပါတီအမည်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လို့ အမည်ပေးထားပြီး အဖွဲ့ချုပ်ထဲမှာကလဲ တတ်သိပညာရှင်အုပ်စုရယ်၊ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ရယ် ပူးပေါင်းပါဝင်ထားတာ တွေ့ရတော့ **NLD** ဟာ တပ်ပေါင်းစုအဖြစ် ဖွဲ့ထားတာပဲလို့ ကျွန်တော်တို့ပါတီက ယူဆလိုက်ကြတယ်။

ဒါကြောင့် ကျွန်တော်တို့ပါတီက တပ်ပေါင်းစုထဲဝင်ဖို့ ဆုံးဖြတ်လိုက်ပြီး ဒေါ်စုကြည်တို့အဖွဲ့ချုပ်ကို အသေအချာ တွေ့ခွင့်တောင်းပြီး လာခဲ့ကြတယ်လေ။ ကျွန်တော်နဲ့ ရဲဘော်အောင်မြင့် လာခဲ့ကြတာပါ၊ ဒေါ်စုကြည် မှတ်မိမယ်ထင်ပါတယ်။

ကျွန်တော်တို့ ရဲဘော်နှစ်ယောက်ကို ဒေါ်စုကြည်ရယ်၊ ဦးဝင်းတင်ရယ်၊ ဦးချစ်ခိုင်ရယ် လက်ခံတွေ့ဆုံပြီး ဆွေးနွေးကြပါတယ်။ ဒေါ်စုကြည်တို့အဖွဲ့ဟာ တပ်ပေါင်းစုလို့ ယူဆတဲ့အတွက် မျိုးချစ်ရဲဘော်ဟောင်းများ အဖွဲ့လိုပဲ ကျွန်တော်တို့ပါတီကလဲ ဒေါ်စုကြည်တို့အဖွဲ့ချုပ်မှာ တပ်ပေါင်းစုဝင်ပါတီအဖြစ် ဝင်ချင်ပါတယ်လို့ ဆွေးနွေးတော့ ဒေါ်စုကြည်က တပ်ပေါင်းစုဆိုတာ ဘာလဲ **(What is united Front ?)** လို့ အင်္ဂလိပ်လိုမေးပါတယ်။

အဲဒီမေးခွန်းကိုကြားရတော့ ကျွန်တော်စိတ်ပျက်သွားတယ်။ နိုင်ငံရေး အဖွဲ့ကြီးတစ်ဖွဲ့ကို ခေါင်းဆောင်တဲ့ သူက "တပ်ပေါင်းစု" ဆိုတာကို မသိဘူး၊ နားမလည်ဘူးဆိုတော့ ခက်ကြပြီပေါ့။

အဲဒီမေးခွန်းကိုတော့ ရဲဘော်အောင်မြင့်က ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်တော်လှန်ရေးကာလ အတွေ့အကြုံတွေကိုအခြေခံပြီး တပ်ပေါင်းစု သဘောတရားကို ရှင်းပြတယ်လေ။

စကားဆုံးတော့ ဒေါ်စုကြည်က ကျွန်တော်တို့ပါတီနဲ့ပူးပေါင်းရေးကို ခါးခါးသီးသီး ငြင်းပယ်လိုက်ပါတယ်။

အဲဒါနဲ့ပဲ ကျွန်တော်တို့ အောင်မြင်စွာ ဆုတ်ခွာခဲ့ရတာ ခုထိ မှတ်မိနေပါသေးတယ်။

ဒီအပြုအမူက ဒေါ်စုကြည်ဟာ ငါမှငါဆိုတဲ့ မာန်မာနထောင်လွှားနေတာကို ပြလိုက်တာပါပဲ။

ဒါ့အပြင် ကျွန်တော့်စိတ်ထဲမှာ စွဲစွဲမြဲမြဲ အမှတ်ရနေတဲ့ ဖြစ်စဉ်တစ်ခုကို ပြောပြပါရစေ။

ဒါကတော့ ဒေါ်စုကြည်တို့ရဲ့အဖွဲ့ချုပ်က အဖွဲ့ဝင် လူငယ်တစ်ယောက်ကို အဖွဲ့ချုပ်ရုံးရှေ့မှာ လာရောက်ဖမ်းဆီးခြင်းခံလိုက်ရတဲ့အချိန်က ဖြစ်ပါတယ်။

အဲဒီဖြစ်စဉ်မှာ ကျွန်တော်တို့ ဒီမိုကရေစီမဟာမိတ်များအဖွဲ့ချုပ် (ဒမဖ)က ဒါဟာ အာဏာပိုင်တွေ့ရဲ့ ဖိနှိပ်ရေး ပထမခြေလှမ်းဖြစ်တယ်၊ ဒမဖ အနေနဲ့ ဒီအချိန်မှာ **NLD** ဟာ အထီးကျန်အဖွဲ့အစည်း မဟုတ်ဘူး။ **NLD** နဲ့အတူ မဟာမိတ်ပါတီတွေရှိတယ်။ အရေးကြီးရင် သွေးစည်းမယ်ဆိုတဲ့ခံယူချက်စိတ်ဓာတ်နဲ့ ဒမဖ က **NLD** အဖွဲ့ချုပ်ကို သွားရောက်တွေ့ဆုံအားပေးဖို့လိုတယ်လို့ ဆုံးဖြတ်လိုက်ကြပါတယ်။

ဒေါ်စုကြည်အပါအဝင် နှစ်ဖက် CEC ခေါင်းဆောင်များ တွေ့ကြဖို့ ဒေါ်စုကြည်တို့ဘက်က လက်ခံပြီး ရက်ချိန်းပေးတဲ့နေ့မှာ ကျွန်တော်တို့ ဒမဖက ဦးအောင်သန်း(ဗိုလ်ချုပ်အောင်ဆန်းရဲ့ အစ်ကို၊ ဒေါ်စုကြည်ရဲ့ဘကြီး) ခေါင်းဆောင်ပြီးတော့ ဒေါက်တာမောင်မောင်ကျော်၊ ရဲဘော်ရဲမြင့်၊ ရဲဘော်ညွန့်သိန်းနဲ့ ကျွန်တော်တို့ သွားခဲ့ကြတယ်။

အဖွဲ့ချုပ်ရောက်သွားတော့ "ဒေါ်စုကြည်မရှိဘူး" တဲ့။ ကျွန်တော်တို့ ရဲဘော်တွေ ခဲလေသမျှ သဲရေကျဖြစ်ပြီး အမောကြီးမောသွားရတယ်။ ဩော်––သူ့မှာ ဒါထက်ပိုအရေးကြီးတဲ့ ကိစ္စပေါ်လာလို့ ဖြစ်မှာပေါ့ဆိုပြီး ဘယ်သွားလဲလို့ မေးလိုက်တော့ ကျွန်တော်တို့ကို လက်ခံကြိုဆိုတဲ့ ဦးဝင်းတင်က "ဗိုလ်ချုပ်ဈေးကို Shopping သွားတယ်" တဲ့။

အဲဒီလိုဆုံးဖြတ်ပြီးနောက် ဒေါ်စုကြည်နဲ့တွေ့ဖို့ လာရောက်မယ့်ကိစ္စကို ဖုန်းဆက်ပြီး ရက်ချိန်းတောင်းလိုက်ပါတယ်။ ဒါဟာ နိုင်ငံရေး လှုပ်ရှားမှုအဖြစ် သိမ်သိမ်မွေ့မွေ့ ခြေလှမ်းတစ်လှမ်း လှမ်းလိုက်တာပါ။

**ဒေါ်စုကြည်အပါအဝင် နှစ်ဖက် CEC ခေါင်းဆောင်များ တွေ့ကြဖို့ ဒေါ်စုကြည်တို့ဘက်က လက်ခံပြီး ရက်ချိန်းပေးတဲ့နေ့မှာ ကျွန်တော်တို့ ဒမဖက ဦးအောင်သန်း (ဗိုလ်ချုပ်အောင်ဆန်းရဲ့ အစ်ကို၊ ဒေါ်စုကြည်ရဲ့ ဘကြီး) ခေါင်းဆောင်ပြီးတော့ ဒေါက်တာမောင်မောင်ကျော်၊ ရဲဘော်ရဲမြင့်၊ ရဲဘော်ညွန့်သိန်းနဲ့ ကျွန်တော်တို့ သွားခဲ့ကြတယ်။**

**အဖွဲ့ချုပ်ရောက်သွားတော့ "ဒေါ်စုကြည်မရှိဘူး"တဲ့။ ကျွန်တော်တို့ ရဲဘော်တွေ ခဲလေသမျှသဲရေကျဖြစ်ပြီး အမောကြီးမောသွားရတယ်။ ဩော်–––သူ့မှာ ဒါထက်ပိုအရေးကြီးတဲ့ ကိစ္စပေါ်လာလို့ ဖြစ်မှာပေါ့ဆိုပြီး ဘယ်သွားလဲလို့မေးလိုက်တော့ ကျွန်တော် တို့ကို လက်ခံကြိုဆိုတဲ့ ဦးဝင်းတင်က "ဗိုလ်ချုပ်ဈေးကို Shopping သွားတယ်"တဲ့။**

ရက်စက်လိုက်တာ ဒေါ်စုကြည်ရယ်။ နိုင်ငံရေးအကျပ်အတည်း ပြဿနာပေါ်တော့မယ့် အခြေအနေမှာ ဒီပြဿနာကို အလေးအနက်မထားဘဲ ဗိုလ်ချုပ်ဈေးကို ဈေးသွားဝယ်ရသလားလို့ ကျွန်တော်တို့ ရဲဘော်အားလုံး တအံ့တဩ ဖြစ်ကြရတယ်။

ကျွန်တော်တို့မှာ ဒေါ်စုကြည် မပါဘဲ ဦးဝင်းတင်၊ ဦးချစ်ခိုင်၊ ဒေါ်မြင့်မြင့်ခင်တို့နဲ့ စကားစမြည်ပြောပြီး ပြန်လာခဲ့ရပါတယ် ဒေါ်စုကြည်။

အဲဒီကအပြန် ကားပေါ်မှာ ဦးအောင်သန်းပြောတဲ့ စကားကို ဒေါ်စုကြည်သိအောင် ကျွန်တော် အရင်းအတိုင်းပြောပြပါရစေ။

ဦးအောင်သန်းက "ငါ သူ့ရဲ့ဘကြီး အရင်းခေါက်ခေါက်လာမှာကိုတော့ အနည်းဆုံးစောင့်တွေ့ဖို့ ကောင်းပါတယ်"တဲ့၊ သူတော်တော် ခံစားပြီး ပြောလိုက်တဲ့စကားပါ ဒေါ်စုကြည်။

ဒါဟာလဲ ဘာကိုပြသလဲဆိုတော့ ဒေါ်စုကြည်ရဲ့ သေဖော်ရှင်ဖက် ရဲဘော်များကို တန်ဖိုးမထားတတ်မှု၊ လုပ်ငန်းကိစ္စအပေါ် အလေးမထားတတ်မှုကို ပြလိုက်ပြန်တာပါပဲ။

ဒေါ်စုကြည်–ကျွန်တော်ရဲ့စာဟာ နည်းနည်းတော့ ရှည်မှာမို့ သည်းခံပြီး ဆုံးအောင်ဖတ်ဖို့ မေတ္တာရပ်ခံပါတယ်။

နောက်တစ်ခုကတော့ ပါတီစုံရွေးကောက်ပွဲ အကြိုကာလမှာ **NLD** နဲ့အတူ မဟာမိတ်ပါတီတွေ စုစည်းပြီး လှုပ်ရှားကြစဉ်ကအဖြစ်ပါ။

တစ်နေ့ **NLD** ဌာနချုပ်ရဲ့ အစည်းအဝေးခန်းမမှာ မဟာမိတ်ပါတီများရဲ့ အစည်းအဝေး ကျင်းပကြတယ်လေ။ အဲဒီအစည်းအဝေးမှာ တစ်ပါတီလျှင် ကိုယ်စားလှယ်နှစ်ဦးစီ တက်ကြတာမို့ ခန်းမအပြည့်ပဲ ဆိုပါတော့၊ အဲဒီပွဲမှာ ကျွန်တော်လဲတက်ပါတယ်။ ဝိဇ္ဇူရသခင်ချစ်မောင်လဲ တက်ပါတယ်။

အဲဒီနေ့ အစည်းအဝေး ဦးတည်ချက်က "နဝတနဲ့ ပါတီစုံကိုယ်စားလှယ်တွေ တွေ့ဆုံဆွေးနွေးရေးကိစ္စ"ဖြစ်ပါတယ်။ နိုင်ငံရေးအရကြည့်မယ်ဆိုရင် အင်မတန်အရေးကြီးတဲ့ တောင်းဆိုချက်ဖြစ်လို့ ကန့်ကွက်သူမရှိ အတည်ပြုလိုက်ကြပါတယ်။

အတည်ပြုလိုက်ပြီးတော့ နဝတနဲ့ တွေ့ဆုံဆွေးနွေးခွင့်ရရင် ပါတီကိုယ်စားလှယ်အဖြစ် ဒေါ်စုကြည်ကိုရွေးဖို့ **NLD** နဲ့ တစ်ကြိတ်တည်းတစ်ဥာဏ်တည်း စည်းဝါးရိုက်ထားတဲ့ ကိုယ်စားလှယ်တွေက အဆိုတင်ကြတယ်။

ဝိဇ္ဇူရသခင်ချစ်မောင်က အင်မတန်အရေးကြီးတဲ့ နိုင်ငံရေးဆွေးနွေးပွဲဖြစ်လို့ ဒေါ်စုကြည် တစ်ယောက်တည်းသွားမယ့်အစား ကိုယ်စားလှယ်ဖွဲ့ပြီး စေလွှတ်သင့်ကြောင်း ဆွေးနွေးခဲ့တာ ဒေါ်စုကြည် မှတ်မိဦးမှာပါ။

ဒီပွဲမှာ ဝိဇ္ဇူရသခင်ချစ်မောင် မရှုမလှ ခံလိုက်ရပါတယ်။ ဒေါ်စုကြည်က မိမိတစ်ယောက်တည်းဖြင့် လုံလောက်ကြောင်း တုံ့ပြန်ဆွေးနွေးခဲ့တယ်လေ။

ခန်းမထဲမှာရှိနေတဲ့ အဖွဲ့ချုပ်လူငယ်တွေက "သခင်ချစ်မောင်ထွက်သွား၊ သခင်ချစ်မောင် အလိုမရှိ"လို့ ဝိုင်းဝန်းအော်ဟစ်ပြီး မောင်းထုတ်လိုက်ကြလို့ သခင်ချစ်မောင်ခမျာ အစည်းအဝေး ခန်းမထဲက ထွက်သွားရရှာပါတယ်။

ရဲ...

ဒါဟာလဲ အင်မတ...
ရဲ့ "ငါနှင့်ငါသာနိုင်းစ...
ဖြစ်ရပ်လို့ ပြောပါရစေ။
နောက်တစ်ခါ နဝ...
ရွေးကောက်ပွဲကျင်းပမယ့်...
အဖြစ်အပျက်တစ်ခုပါ။
ရွေးကောက်ပွဲဝင်...
အတွက် ကျွန်တော်တို့ ဒီ...
စုပေါင်းပြီး တပ်ပေါင်းစုပ...
ဒေါ်စုကြည်တို့ **NLD** ...
အဲဒီတော့ ကျွန်...
တပ်ပေါင်းစုဖွဲ့ပြီး မတိုက်...
တစ်ယောက် "စီးချင်းထိုး...
ထဲမှာပါတီစုံကိုယ်စားလှယ်...
တွေဝင်ပြိုင်တဲ့ မဲဆန္ဒနယ...
ခေါင်းဆောင်တွေရော သာ...
ဘူး။ အလားတူ ကျွန်...
နယ်မှာ ဒေသခံ **NLD** နဲ...
ဝင်မပြိုင်နဲ့၊ မဲဆန္ဒနယ်တို...
ပါတီ ကိုယ်စားလှယ်...
ကိုယ်စားလှယ်လောင်းတ...
ထိုးမှုကို ဒမဖက တင်ပြ...
အဲဒီအချိန်မှာ ဒေါ်စု...
ပုံစံသွင်းပေးထားခြင်းခံရ...
ချက်က "တစ်ကျပ်နဲ့ တစ်...
ဒါကတော့ ဒေါ်စု...
ပါးပြောင်တဲ့ **NLD** ခေါ...
တုံ့ပြန်ချက်ပဲပေါ့။
**ဒေါ်စုကြည်ကို လူထ...**
**ရတဲ့ အကြောင်းရင်းကိုလဲ...**
**ချင်ပါတယ် ဒေါ်စုကြည်...**
**ဒေါ်စုကြည်ဟာ...**
**လုပ်ငန်းစဉ်ကိုတောင်မှ...**
**လူထုရဲ့ ထောက်ခံချက်...**
**လိုတယ်။ ဒီလို လိုလ...**
**လုပ်ငန်းစဉ်လဲဖြစ်၊ အထိ...**
**စားဝတ်နေရေးပြဿနာမှ...**
**မတ်မတ် ရပ်တည်ဖို့ပဲဖြစ်...**
**ပြည်သူတွေ လူပန်း၊ စိတ...**
**နေရေးပြေလည်ပြီး ရွှင်...**
**အဲဒီမှာ ဒေါ်စုကြည်...**
**ကျူးလွန်ခဲ့တယ်။ ဒီအမှား...**
**လုံးဝခွင့်မလွှတ်နိုင်တဲ့ အ...**
**ဒါကတော့ မြန်မာနိ...**
**အနီးတွေ မလာကြပါနဲ့၊...**

အဲဒီ...
ဘယ်သောအ...
ဒါက...
ပြန်ရုပ်သိမ်း...

# ...ပေးစာ

## ရဲဘော်တင်ရွှေ

ဒါဟာလဲ အင်မတန်ရင်ထုမနာဖြစ်ခဲ့ရတဲ့ ကိစ္စပါ။ ဒေါ်စုကြည်ရဲ့ "ငါနှင့်ငါသာနိုင်းစရာ" ဆိုတဲ့ အတ္တမာနကို ဖော်ပြလိုက်တဲ့ ဖြစ်ရပ်လို့ ပြောပါရစေ။

နောက်တစ်ခါ နဝတ အစိုးရက ရွေးကောက်ပွဲဥပဒေ ပြဋ္ဌာန်းပြီး ရွေးကောက်ပွဲကျင်းပမယ့် အကြိုကာလမှာ ထပ်မံတွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်တစ်ခုပါ။

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရာမှာ တစည အပေါ် အနိုင်ရဖို့အတွက် ကျွန်တော်တို့ ဒီမိုကရေစီပါတီတွေက တညီတညွတ်တည်း စုပေါင်းပြီး တပ်ပေါင်းစုပုံစံနဲ့တိုက်ဖို့ **NLD** နဲ့ ဆွေးနွေးတဲ့အခါမှာ ဒေါ်စုကြည်တို့ **NLD** က လက်မခံခဲ့ပါဘူး။

အဲဒီတော့ ကျွန်တော်တို့ တစ်နည်းစဉ်းစားကြပြန်တယ်။ တပ်ပေါင်းစုဖွဲ့ပြီး မတိုက်နိုင်ရင် တစည က တစ်ယောက်၊ ဒီဘက်က တစ်ယောက် "စီးချင်းထိုး" ယှဉ်ပြိုင်ကြရင်ကောင်းမယ်၊ လွှတ်တော်ထဲမှာပါတီစုံကိုယ်စားလှယ်တွေပါသွားနိုင်တယ်။ **NLD** ခေါင်းဆောင်တွေဝင်ပြိုင်တဲ့ မဲဆန္ဒနယ်မှာ ကျွန်တော်တို့ဘက်က ပါတီထိပ်ပိုင်းခေါင်းဆောင်တွေရော သာမန်ကိုယ်စားလှယ်လောင်းတွေရော ဝင်မပြိုင်ဘူး။ အလားတူ ကျွန်တော်တို့ခေါင်းဆောင်တွေ ဝင်ပြိုင်တဲ့ မဲဆန္ဒနယ်မှာ ဒေသခံ **NLD** နဲ့ **NLD** ဌာနချုပ် ခေါင်းဆောင်တွေကလဲ ဝင်မပြိုင်နဲ့၊ မဲဆန္ဒနယ်တိုင်းမှာလဲ **NLD**ဖြစ်စေ၊ အခြားဒီမိုကရေစီပါတီ ကိုယ်စားလှယ်လောင်းဖြစ်စေ အလားအလာကောင်းတဲ့ ကိုယ်စားလှယ်လောင်းတစ်ဦးတည်း ဝင်ရောက်ယှဉ်ပြိုင်ဆိုတဲ့ စီးချင်းထိုးမှုကို ဒမဖ က တင်ပြခဲ့ပါတယ်။

အဲဒီအချိန်က ဒေါ်စုကြည် အထိန်းသိမ်းခံနေရပါပြီ၊ ဒေါ်စုကြည်ပုံစံသွင်းပေးထားခြင်းခံရတဲ့ **NLD** ခေါင်းဆောင်တွေရဲ့ တုံ့ပြန်ချက်က "တစ်ကျပ်နဲ့ တစ်မူးပေါင်းပြီး ပြန်ခွဲတာမျိုးမလုပ်နိုင်ဘူး"တဲ့။

ဒါကတော့ ဒေါ်စုကြည်ကိုမှီပြီး စိန်နားကပ်အရောင်ကြောင့် ပါးပြောင်တဲ့ **NLD**ခေါင်းဆောင်ဆိုသူတွေရဲ့ ငါတစ်ကောကောတဲ့ တုံ့ပြန်ချက်ပဲပေါ့။

**ဒေါ်စုကြည်ကို လူထုထောက်ခံချက် တစ်စထက်တစ်စ နည်းလာရတဲ့ အကြောင်းရင်းကိုလဲ ကြုံတုန်းကြုံခိုက် တစ်ဆက်တည်း ပြောပြချင်ပါတယ် ဒေါ်စုကြည်။**

**ဒေါ်စုကြည်ဟာ နိုင်ငံရေးပါတီတစ်ရပ်အနေနဲ့ အနိမ့်ဆုံးလုပ်ငန်းစဉ်ကိုတောင်မှ နားမလည်ခဲ့ဘူး။ နိုင်ငံရေးပါတီဆိုတာ လူထုရဲ့ ထောက်ခံချက်လိုတယ်၊ လူထုရဲ့လိုလားမှုကို ခံယူရရှိဖို့လိုတယ်။ ဒီလို လိုလားမှု၊ ထောက်ခံမှုရဖို့ဆိုရင် အနိမ့်ဆုံးလုပ်ငန်းစဉ်လဲဖြစ်၊ အထိရောက်ဆုံးလဲဖြစ်တဲ့ ပြည်သူတစ်ရပ်လုံးရဲ့ စားဝတ်နေရေးပြဿနာမှာ ပါတီအနေနဲ့ ပြည်သူ့ဘက်က မားမားမတ်မတ် ရပ်တည်ဖို့ပဲဖြစ်ပါတယ်။ အတိုချုပ်ပြောရရင် ကိုယ့်ကြောင့် ပြည်သူတွေ လူပန်း၊ စိတ်ပန်းမဖြစ်စေဖို့နဲ့ ကိုယ့်ကြောင့် စားဝတ်နေရေးပြေလည်ပြီး ရွှင်လန်းချမ်းမြေ့စေဖို့ပါ။**

**အဲဒီမှာ ဒေါ်စုကြည်ဟာ အင်မတန်ကြီးမားတဲ့ အမှားတစ်ရပ်ကို ကျူးလွန်ခဲ့တယ်။ ဒီအမှားဟာ ပြည်သူတစ်ရပ်လုံးက ဘယ်သောအခါမှ လုံးဝခွင့်မလွှတ်နိုင်တဲ့ အမှားဆိုတာ ဒေါ်စုကြည် သိထားပါ။**

**ဒါကတော့ မြန်မာနိုင်ငံကိုစီးပွားရေးပိတ်ဆို့ဖို့ နိုင်ငံခြားအရင်းအနှီးတွေ မလာကြပါနဲ့၊ ရှိပြီးသား လုပ်ငန်းရှင်တွေလဲ ပြန်ရုပ်သိမ်းကြပါ။ ကမ္ဘာ့လှည့်ခရီးသည်တွေမလာပါနဲ့လို့ တောင်းဆိုလုပ်ဆောင်ခဲ့တဲ့ လုပ်ရပ်ပဲပေါ့။**

**ဒေါ်စုကြည်ကို လူထုထောက်ခံချက် တစ်စထက်တစ်စ နည်းလာရတဲ့အကြောင်းရင်းကိုလဲ ကြုံတုန်းကြုံခိုက် တစ်ဆက်တည်းပြောပြချင်ပါတယ် ဒေါ်စုကြည်။**

**ဒေါ်စုကြည်ဟာ နိုင်ငံရေးပါတီတစ်ရပ်အနေနဲ့ အနိမ့်ဆုံးလုပ်ငန်းစဉ်ကိုတောင်မှ နားမလည်ခဲ့ဘူး။ နိုင်ငံရေးပါတီဆိုတာ လူထုရဲ့ ထောက်ခံချက်လိုတယ်၊ လူထုရဲ့လိုလား မှုကို ခံယူရရှိဖို့လိုတယ်။ ဒီလို လိုလားမှု၊ ထောက်ခံမှုရဖို့ဆိုရင် အနိမ့်ဆုံးလုပ်ငန်းစဉ်လဲ ဖြစ်၊ အထိရောက်ဆုံးလဲဖြစ်တဲ့ ပြည်သူတစ်ရပ်လုံးရဲ့ စားဝတ်နေရေးပြဿနာမှာ ပါတီအနေနဲ့ ပြည်သူ့ဘက်က မားမားမတ်မတ် ရပ်တည်ဖို့ပဲဖြစ်ပါတယ်။ အတိုချုပ်ပြောရရင် ကိုယ့်ကြောင့် ပြည်သူတွေ လူပန်း၊ စိတ်ပန်းမဖြစ်စေဖို့နဲ့ ကိုယ့်ကြောင့် စားဝတ်နေရေးပြေလည်ပြီး ရွှင်လန်း ချမ်းမြေ့စေဖို့ပါ။**

**ဒေါ်စုကြည် မျှော်လင့်တာက အဲဒီလိုပိတ်ဆို့လိုက်ရင် ပြည်သူတွေ အကျပ်ဆိုက်၊ ဒုက္ခတွေရောက်၊ အလုပ်လက်မဲ့ပြဿနာ၊ အငတ်ပြဿနာတွေဖြစ်ပြီး ဆူပူအုံကြွမှုကြီး ပေါ်ပေါက်လာမယ်။ အဲဒီအခါကျရင် ဖြတ်လမ်းကနေပြီး အာဏာယူမယ်ဆိုတဲ့ စိတ်ကူးယဉ်အိပ်မက်ကို အကောင်အထည်ဖော်လိုက်တဲ့ ကိစ္စပါပဲ။**

**ဒါပေမယ့် ဒေါ်စုကြည်မျှော်လင့်သလို ဖြစ်မလာဘူးမဟုတ်လား။ ဘာ့ကြောင့်လဲဆိုတော့ ဒီအကျပ်အတည်း ဖြစ်လာအောင်လုပ်သူက တပ်မတော်အစိုးရ မဟုတ်ဘူးလေ။ ဒေါ်စုကြည်နဲ့ ဒေါ်စုကြည်ရဲ့ အရှင်သခင် အမေရိကန်တို့ ပူးပေါင်းပြီး လုပ်လိုက်တဲ့ ကိစ္စပဲ။** ဒါကိုပြည်သူတွေအနေနဲ့ စာဖေတို့က နောကျေအောင် သိတယ် ဆိုသလိုပါပဲ။ ဘယ်မှာ မဆီမဆိုင် တပ်မတော်အစိုးရကို ဦးတည်ပြီး တောင်းပွဲ၊ တိုက်ပွဲဆင်နွှဲတော့မှာလဲ၊ တို့တင်တဲ့ စစ်ကဲက တို့ကိုပဲထောင်းသပဆိုပြီး အားလုံးက ငြိမ်ကုပ်ခံနေကြတာပဲ ဖြစ်ပါတယ်။

ဒီအကျပ်အတည်းဟာ တပ်မတော်အစိုးရရဲ့ မူဝါဒလွဲမှားမှုကြောင့် ဖြစ်တာဆိုရင်တော့ ဒေါ်စုကြည်လိုချင်တဲ့ ရလဒ်မျိုး ဖြစ်ကောင်း ဖြစ်လာနိုင်ပါလိမ့်မယ်။

ခုတော့ ဒေါ်စုကြည်ရေ---ဒေါ်စုကြည် ကျူးလွန်လိုက်တဲ့ ဒီအမှားကြောင့် ဒေါ်စုကြည်ကို ပြည်သူတွေသာမက ဒေါ်စုကြည်ရဲ့ နောက်လိုက်နောက်ပါ ပါတီဝင်တွေကပါ ပြတ်ပြတ်သားသား ကျောခိုင်းပြီး အုံလိုက်ကျင်းလိုက် နုတ်ထွက်နေကြပြီမဟုတ်လား--။

**နောက် ပြောချင်တာ တစ်ခုက ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စပါပဲ၊ ဒေါ်စုကြည်က တပ်မတော်အစိုးရ ဦးဆောင်ကျင်းပနေတဲ့ အမျိုးသားညီလာခံက ရေးဆွဲတဲ့ အခြေခံဥပဒေကို လက်မခံဘူး။ ကျွန်မကိုယ်တိုင် ရေးထားတဲ့ အခြေခံဥပဒေကိုပဲ သုံးမယ်ဆိုပြီး ငြင်းပယ်ပြန်တယ်။**

**အဲဒီ ဒေါ်စုတို့ရေးတဲ့ ဥပဒေက အမျိုးသားညီလာခံမှာ တစ်ပြည်လုံးက တိုင်းရင်းသားကိုယ်စားလှယ်တွေ၊ တရားဝင်ပါတီကိုယ်စားလှယ်တွေ၊ တတ်သိပညာရှင်တွေ၊ ရှေ့မီနောက်မီ ပုဂ္ဂိုလ်ကြီးတွေ တက်ရောက် ညှိနှိုင်းဆွေးနွေးပြီး ရေးဆွဲထားတဲ့ အခြေခံဥပဒေလောက် ကျယ်ဝန်းပြည့်စုံမှု ရှိနိုင်မှာလား။**

ပြီးတော့ ဒေါ်စုကြည်တို့က အမျိုးသားညီလာခံက ရေးဆွဲအတည်ပြုလိုက်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ စင်ပြိုင်လုပ်ပြီး ထိုးနှက်တိုက်ခိုက်ဖို့ ကြံရွယ်နေကြတဲ့ သတင်းတွေလဲ ကြားသိနေရပါတယ်။

အဲဒီသတင်းကတော့ ပြည်သူတစ်ရပ်လုံးအတွက် အ မင်္ဂလာသတင်းပါပဲ။ ဘာကြောင့်လဲဆိုရင် ဒီသတင်းဟာ ပြည်သူတွေလိုလားတောင့်တနေတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဖို့ ဒီမိုကရေစီနည်းအရ အစိုးရအဖွဲ့တစ်ရပ်ကို ဖွဲ့စည်းဖို့အတွက် ဆောင်ရွက်နေမှုကို အခက်အခဲ အတားအဆီး အနှောင့်အယှက်ဖြစ်အောင် ဆောင်ရွက်မယ့်သတင်း ဖြစ်လို့ပါပဲ။

ဒေါ်စုကြည်-

ရွေးကောက်ပွဲမတိုင်ခင်က ငါမှငါဆိုပြီး ထောင်လွှားခဲ့တဲ့ မာန်မာနဟာ ရွေးကောက်ပွဲလဲပြီးရော ပိုဆိုးလာပြီး အထွတ်အထိပ် ရောက်သွားပြန်တယ်။

ဒို့ကို မဲဆန္ဒရှင်အများစုက မဲဆန္ဒပေးတယ်၊ ဒို့ဟာထောက်ခံမဲတွေ တခြားပါတီတွေနဲ့ မယှဉ်သာအောင်ရတယ်ဆိုပြီး မာန်တက်လာတယ်၊ ဒေါ်စုကြည်ကိုယ်တိုင်လဲ အရင်ထက်ပိုပြီး ထောင်လွှားလာတယ်။

တကယ်တော့ ဒီရွေးကောက်ပွဲမှာ **NLD** ရတဲ့ မဲဟာ **NLD** ရဲ့လမ်းစဉ်၊ **NLD** ပါတီရဲ့ ခေါင်းဆောင်မှု၊ **NLD**ချပြတဲ့ ရှေ့လုပ်ငန်းစဉ် စတာတွေကို ကြိုက်နှစ်သက်ပြီး ပေးလိုက်တဲ့ မဲမဟုတ်ပါဘူး။

ဗိုလ်ချုပ်အောင်ဆန်း သမီးဆိုတာရယ်၊ အဲဒီအချိန်က တစ်ပါတီ ဆိုရှယ်လစ်စနစ်ကို ပြည်သူတွေက ငြီးငွေ့နေကြတာရယ်၊ **NLD** ရွေးကောက်ပွဲ မဲဆွယ်သူတွေရဲ့ "ဒေါ်စုကြည် အဖမ်းခံထားရမှုကနေ လွတ်မြောက်စေချင်ရင် ခမောက်ကို မဲပေးပါ၊ ခမောက်အနိုင်ရတာနဲ့ အစိုးရဖွဲ့ပြီး ဒေါ်စုကြည်လွတ်ပြီ"ဆိုတဲ့ မဲဆွယ်ပြောကြားချက်ကြောင့်ရလာတဲ့ ကရုဏာမဲတွေသာ ဖြစ်ပါတယ်။

တကယ်တမ်းပြောရရင် ဒီမဲတွေဟာ ခိုင်မာမှုမရှိပါဘူး၊ ပုဂ္ဂိုလ်ရေးနဲ့ဆက်စပ်နေတဲ့ မဲတွေပါ၊ နိုင်ငံရေး တန်ဖိုး **(Political Value)**အနေနဲ့ဆိုရင် ဘာမှမရှိပါဘူး နတ္ထိပါ။ ဒါကြောင့်မို့ မဲအများစု ရတာကို ငါ့ရဲ့အင်အားတစ်ရပ်လို့ ဒေါ်စုကြည်ယူဆရင် အမှားကြီး မှားပါလိမ့်မယ်။

ဒါ့အပြင် ယနေ့ပြည်သူလူထုရဲ့ အခြေအနေဟာ ၁၉၉၀ပြည့်နှစ်က အခြေအနေနဲ့ မတူတော့ပါ၊ ဒေါ်စုကြည် ဘာလဲ ? **NLD**ဘာလဲ ? စတဲ့ ဒေါ်စုကြည်နဲ့ **NLD**တို့ရဲ့အခြေအနေ၊ အရည်အသွေးမှန်တွေကို သိရှိနားလည် သဘောပေါက်နေကြပြီ ဖြစ်ပါတယ်။

ကဲ-စာလဲရှည်သွားလို့ နောက်ဆုံးအနေနဲ့ စကားလက်ဆောင်ပါးချင်တာကတော့ "ကျွန်တော်ရေးပြတဲ့ အချက်တွေအပေါ် မူတည်ပြီး ဝေဖန်ရေးနဲ့ ကိုယ့်ကိုယ်ကို ဝေဖန်ရေးလုပ်ပါ"။

အမှားမြင်ပြီး အမှန်ပြင်နိုင်ပါစေ။ ။

**အဲဒီမှာ ဒေါ်စုကြည်ဟာ အင်မတန်ကြီးမားတဲ့ အမှားတစ်ရပ်ကို ကျူးလွန်ခဲ့တယ်။ ဒီအမှားဟာ ပြည်သူတစ်ရပ်လုံးက ဘယ်သောအခါမှ လုံးဝခွင့်မလွှတ်နိုင်တဲ့ အမှားဆိုတာ ဒေါ်စုကြည်သိထားပါ။**

**ဒါကတော့ မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့ဖို့ နိုင်ငံခြားအရင်းအနှီးတွေ မလာကြပါနဲ့၊ ရှိပြီးသား လုပ်ငန်းရှင်တွေလဲ ပြန်ရုပ်သိမ်းကြပါ။ ကမ္ဘာလှည့်ခရီးသည်တွေမလာပါနဲ့လို့ တောင်းဆိုလုပ်ဆောင်ခဲ့တဲ့ လုပ်ရပ်ပဲပေါ့။**

# ဇမ်ဘီယာ၌ တရုတ်မှ လာရောက်ရင်းနှီးမြှုပ်နှံ အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုကို စိန်ခေါ်

လန်ဒန် ဇွန် ၈

**ဇမ်ဘီယာနိုင်ငံတွင် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ရရှိမှုနှင့်ပတ်သက်ပြီး အနောက်အုပ်စုနိုင်ငံများမှ ပိတ်ဆို့တားဆီးမှုများအပေါ် ဇမ်ဘီယာသမ္မတ လီဗီအမ်ဝါနာဝါဆာက ဇွန် ၅ ရက်၌ စိန်ခေါ်ပြောကြားလိုက်သည်။**

တရုတ်နိုင်ငံအနေဖြင့် အာဖရိကနှင့်အတူ စီးပွားရေး တိုးတက်ဖြစ်ထွန်းရန် စိတ်အားထက်သန်စွာ ကြိုးစားနေမှုအပေါ် အနောက်နိုင်ငံများက စိတ်မသက်မသာဖြစ်လျက်ရှိသည်။

**ရင်းနှီးမြှုပ်နှံ**

ဇမ်ဘီယာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုကြောင်း၊ ဇမ်ဘီယာနိုင်ငံအား ချေးငွေများ၊ ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်လုပ်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း ဇမ်ဘီယာသမ္မတ လီဗီအမ်ဝါနာက ပြောကြားသည်။

**တွေ့ဆုံစဉ်**

အနောက်နိုင်ငံများက စီးပွားရေးဆက်ဆံမှု မပြုလုပ်ချိန်တွင် မိမိတို့အနေဖြင့် အရှေ့နိုင်ငံများနှင့် စီးပွားရေးဆက်ဆံမှု ပြုလုပ်လျက် ရှိကြောင်း အာဖရိက စီးပွားရေးဖိုရမ်၏ သီးခြားအစီအစဉ်တစ်ရပ်အဖြစ်သတင်းထောက်များနှင့် တွေ့ဆုံစဉ် ဇမ်ဘီယာသမ္မတက ပြောကြားခဲ့သည်။

**စီစဉ်**

လာမည့် လေးနှစ်တာကာလအတွင်း ဇမ်ဘီယာနိုင်ငံတွင် အမေရိကန်ဒေါ်လာသန်း ၉၀၀ ခန့် ရင်းနှီးမြှုပ်နှံရန် တရုတ်နိုင်ငံက စီစဉ်လျက်ရှိနေသည်။

**အမ်အင်န်အေ၊ရိုက်တာ**



ဂျပန်နိုင်ငံ တိုကျိုမြို့၌ အပြည်ပြည်ဆိုင်ရာ စက်မှုကိရိယာနှင့် နည်းပညာထုတ်ကုန်ပြပွဲ၌ ပြသထားသော ကိတ်မုန့်ပြုလုပ်သည့် စက်အစိတ်အပိုင်းကို ဇွန် ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ဘာရာဇီး၌ မူးယစ်မှောင်ခိုဂိုဏ်းဖမ်းဆီး

ရီယိုဒီဂျနေးရိုး ဇွန် ၈

**ပါရာဂွေးနိုင်ငံမှ ဘာရာဇီးနိုင်ငံ အတွင်းသို့ မူးယစ်ဆေးဝါးနှင့်မှောင်ခိုပစ္စည်းများတင်သွင်းရန် ကြိုးစားသည့် ဂိုဏ်းအဖွဲ့တွင်ပါဝင်ဆက်နွှယ်နေသော လူ ၃၆ ဦးကို ဘာရာဇီးရဲတပ်ဖွဲ့က ဇွန် ၆ ရက်တွင် ဖမ်းဆီးလိုက်သည်။**

**အဆိုပါမှောင်ခိုဂိုဏ်းအဖွဲ့ဝင်များအား ဘာရာဇီးနိုင်ငံတောင်ပိုင်း ပါရာနားပြည်နယ်နှင့် ဆန်တာကာတာ ရီနာပြည်နယ်များ၌ ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။**

**ရဲတပ်ဖွဲ့က အဆိုပါဂိုဏ်းအဖွဲ့ဝင်များနှင့်အတူ လက်နက်ကိုးလက်၊ စီးကရက်သေတ္တာ ၈၀၀၀၀နှင့်ရီရယ် ငွေ ၄၀၀၀၀ (အမေရိကန်ဒေါ်လာ ၂၀၅၀၀) တို့ကိုလည်း သိမ်းဆည်းလိုက်သည်။** အမ်အင်န်အေ၊ဆင်ဟွာ

# အင်ဒိုနီးရှား၌ လျှောင်လှုပ်

**ဂျကာတာ ဇွန် ၈**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း၌ ရစ်ချ်တာစကေး ၆ဒသမ၃ရှိ လျှောင်လှုပ်သွားခဲ့ရာ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုများကိုမသိရှိရသေးကြောင်း မိုးလေဝသနှင့်ဇလဗေဒဌာနက ဇွန်၅ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ လျှောင်သည် ဆူလာကီမြို့၏ အနောက်မြောက်ဘက် ၇၇ ကီလိုမီတာအကွာ ဗဟိုပြုလှုပ်ခတ်ခဲ့သည်။ ယင်းလျှောင်ကြောင့် ဆူနာမီ ဖြစ်ပေါ်နိုင်ခြင်းမရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ယင်းဒေသနေသူများသည် ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း၊ သို့သော် လျှောင်ဒဏ်ကို ဆိုးရွားစွာ မခံစားခဲ့ရပေ။

အင်ဒိုနီးရှားနိုင်ငံသည် လျှောင် မကြာခဏဖြစ်ပေါ်လျက်ရှိရာ လျှောင်ရပ်ဝန်းဇုန်၌ ပါဝင်လျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# စီချွမ်ပြည်နယ်၌ တိုက်ပြိုကျ အနည်းဆုံး လူ ၂၀ ဒဏ်ရာရရှိ

စီချွမ် ဇွန် ၈

**တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် လီရှန်းမြို့၌ ဇွန် ၆ ရက်က နှစ် ၄၀ ရှိ အဆောက်အအုံတစ်လုံး ပြိုကျခဲ့ရာ အနည်းဆုံး လူ ၂၀ ဒဏ်ရာရရှိသွားကြောင်း သိရသည်။** (အောက်ပုံ)

**ကယ်ဆယ်ရေးအဖွဲ့က အဆိုပါ အဆောက်အအုံပျက် အုတ်ကျိုးအုတ်ကြားမှ အသက်ရှင်ကျန်ရစ်သူ ၃၀ကျော်ကို ဆွဲထုတ်ခဲ့ရကြောင်း၊ ယင်းတို့အား ဒေသဆေးရုံသုံးရုံသို့ တင်ပို့ခဲ့ရကြောင်း၊ သေပျောက်မှုမရှိကြောင်းတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။** အမ်အင်န်အေ၊ဆင်ဟွာ






# တစ်လလျှင် အေ-၃၅၀လေယာဉ် ၁၃စင်း ၂၀၁၆ ခုနှစ်၌ အဲဘတ်စ်ကုမ္ပဏီက ထုတ်လုပ်မည်

ပါရီ ဇွန် ၈

**အဲဘတ်စ်ကုမ္ပဏီအနေဖြင့် လာမည့် ၂၀၁၆ ခုနှစ်ကုန်မှ စတင်၍ တစ်လလျှင် အေ-၃၅၀ အိတ်ချ်ဒဗလျူဘီ အမျိုးအစား လေယာဉ် ၁၃ စင်းအထိ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။**

အဆိုပါလေယာဉ်များထုတ်လုပ်မှု အကောင်အထည်ဖော်ရေးအတွက်အေ-၃၅၀လေယာဉ်များ ထုတ်လုပ်ပြီး သုံးနှစ်ခန့်အကြာ၌ အေ-၃၅၀ အိတ်ချ်ဒဗလျူဘီ အမျိုးအစား လေယာဉ်များ လစဉ် ၁၃စင်း ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဲဘတ်စ်ကုမ္ပဏီမှ တာဝန်ရှိသူဂေါ်ဒွန်မက် ကွန်နယ်က ပြောကြားသည်။

အဲဘတ်စ် ကုမ္ပဏီသည် အေ-၃၅၀လေယာဉ်အစင်း ၁၆၄ စင်း ကို တာဝန်ယူထုတ်လုပ်ပေးလျက်ရှိပြီး နောက်ထပ် လေယာဉ်အစင်း ၁၀၄ ကိုလည်း ထုတ်လုပ်ပေးရန် အမှာစာ ရရှိထားသည်။

**တည်ဆောက်**

လက်ရှိ ထုတ်လုပ်လျက်ရှိသည့် အေ-၃၅၀လေယာဉ်သည် အေ-၃၃၀ နှင့်အေ-၃၄၀လေယာဉ်များ၏ ဒီဇိုင်းပုံစံများကို နမူနာယူ၍ တည်ဆောက်ထားခြင်းဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**



# ဘဂ္ဂဒက်၌ လမ်းဘေးဗုံးပေါက်ကွဲ

**ဘဂ္ဂဒက် ဇွန် ၈**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ တောင်ပိုင်းတွင် ဇွန် ၅ရက်က လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် အီရတ်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနသတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။

ယင်းနေ့မွန်းလွဲပိုင်းက အယ်လ်အမီးလ်ဒေသဝန်းကျင်တွင်အီရတ်တပ်ဖွဲ့ကင်းလှည့်ယာဉ်အနီး ဗုံးပေါက်ကွဲခဲ့ရာ သုံးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်းအမည်မဖော်လိုသော သတင်းရပ်ကွက်ကဆင်ဟွာသို့ပြောကြားသည်။

ထိုအတောအတွင်း အမီးလ်ဒေသဝန်းကျင်တွင် မော်တာကျည်ဆန်ကျရောက်ပေါက်ကွဲမှုကြောင့် အရပ်သားသုံးဦး ဒဏ်ရာရခဲ့ကြောင်း ယင်းသတင်းရပ်ကွက်က ဖြည့်စွက်ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# အင်ဒိုနီးရှား ခရီးသည်တင်လေယာဉ် မြေပြင်သို့ အရေးပေါ်ဆင်းသက်ခဲ့ရ

**ဂျကာတာ ဇွန် ၈**

ခရီးသည် ၈၅ ဦးကို တင်ဆောင်၍ ပျံသန်းလာသော အင်ဒိုနီးရှားခရီးသည်တင် လေယာဉ်တစ်စင်းသည် အင်ဒိုနီးရှားနိုင်ငံ ဆူမတြားပြည်နယ်၌ ဇွန် ၆ ရက်က အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း **(အပေါ်ပုံ)** ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

**ပြောကြား**

အဆိုပါ ခရီးသည်တင်လေယာဉ်၏ ကုန်ပစ္စည်းများထားရှိသော အခန်းငယ်တစ်ခုမှ အခန်းတံခါးမှာ ချိတ်များကွာကျခဲ့ပြီး လေဖိအားနည်းခဲ့သဖြင့် မြေပြင်သို့ အရေးပေါ် ဆင်းသက်ခဲ့ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သို့သော်လည်း လေယာဉ်မှူး၏ ကျွမ်းကျင်မှုကြောင့် မြေပြင်သို့ ဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့ပြီး ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း မရှိကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# မလေးရှား၌ ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုးတွေ့ရှိ

**ကွာလာလမ်ပူ ဇွန် ၈**

မလေးရှားနိုင်ငံအလယ်ပိုင်း ဆီလန်ဂေါပြည်နယ်ရှိ ကျေးရွာမှ ကြက်များတွင် $H_5N_1$ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးများ တွေ့ရှိခဲ့ရကြောင်း၊ ကြိုတင်ကာကွယ်မှုအနေဖြင့် အနီးအနားရှိ ကြက်၊ ငှက်များကို စတင်သုတ်သင်ခဲ့ကြောင်း ကျန်းမာရေးဌာန အကြီးအကဲတစ်ဦးက ဇွန် ၆ရက်တွင် ပြောကြားသည်။

**တွေ့ရှိ**

မလေးရှားနိုင်ငံတွင် ယင်းဗိုင်းရပ်စ်ပိုးသည်လူသို့ကူးစက်မှုမရှိကြောင်း သတင်းထုတ်ပြန်ထားခဲ့သည်၊ သို့သော်လည်း ကြက်ငှက်များတွင် ယင်းဗိုင်းရပ်စ်ပိုးကင်းရှင်းကြောင်း စမ်းသပ်ခဲ့သည့်ယမန်နှစ်မတ်လ ၂၁ ရက်ကတည်းက ယင်းနိုင်ငံတွင် ပထမဆုံး တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ၎င်းအကြီးအကဲက ပြောကြားသည်။

**သေဆုံး**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ပြောကြားချက်အရ အာရှတွင် ယင်းရောဂါဖြစ်ပွားကတည်းက ရောဂါဒဏ်ကို နိုင်ငံ ၁၂နိုင်ငံမှ လူ၃၀၀ခံစားခဲ့ရပြီး ယင်းတို့အနက် ၁၈၈ဦး သေဆုံးခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

# အသင်းအထွေထွေအတွင်းရေးမှူး ဦးဌေးဦး ကျေးရွာလူထုနှင့်တွေ့ဆုံ ဧရာဝတီတိုင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးမှာကြား

ရန်ကုန် ဇွန် ၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာများနှင့်အတူ ဇွန်၅ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ရေကြည်မြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နေ့ကလေးထိန်းကျောင်းသို့ရောက်ရှိကြပြီး လိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးသည်။**

ထို့နောက် အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် ကျုံပျော်မြို့ ဧရာမင်းခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူလူထုနှင့်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ကျုံပျော်မြို့နယ် လယ်တီကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည်က ပညာရေးရန်ပုံငွေ ပဒေသာပင်စိုက်ထူမှုဖြင့် ကျောင်းသား ကျောင်းသူများအား စာအုပ်၊ စာရေးကိရိယာထောက်ပံ့မှု၊ ကျောင်းအပ်နှံရေး ရက်သတ္တပတ်လှုပ်ရှား ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရေကြည်၊ ကျောင်းကုန်း၊ကျုံပျော်နှင့် ငါးသိုင်းချောင်း မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများက မြို့နယ်အတွင်း လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကူညီဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရည်ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ကျုံပျော်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသုံးပုံနှိပ်စာအုပ်ဝယ်ယူရန် အခက်အခဲရှိသည့် ကျောင်းသားကျောင်းသူများအသုံးပြုနိုင်ရန် ပဥ္စမတန်းမှဒသမတန်းအထိ အတန်းတစ်တန်းလျှင် အစုံ၂၀စီဖြင့် ပေးအပ်လှူဒါန်းရာ ဆရာဆရာမများက လက်ခံကြသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးက ရေကြည်၊ကျောင်းကုန်း၊ကျုံပျော်နှင့်ငါးသိုင်းချောင်းမြို့နယ်များ ကျောင်းနေနိုင်သည့်အရွယ် ကလေးငယ်များ ကျောင်းနေနိုင်ရေးအတွက် အလှူငွေများလှူဒါန်းရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့်အသင်းဝင်များက လက်ခံကြသည်။

**ဖြည့်ဆည်းကူညီ**

ယင်းနောက် အထွေထွေအတွင်းရေးမှူးနှင့် အမှုဆောင်များ၊ အသင်းဝင်များသည် ကျုံပျော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းကြီးကြပ်ရေးကော်မတီနှင့် ဆရာဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် ကျုံပျော်မြို့ မင်္ဂလာလမ်းမှ ပျဉ်ချဆိပ်ကျေးရွာသို့ဆက်သွယ်သည့်လမ်း ကတ္တရာခင်းပြုပြင်မှုကိုကြည့်ရှုပြီး ကျေးရွာလူထုနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**





## ရန်ကုန်မြို့တွင်း ချို့ယွင်းခဲ့သောဆက်သွယ်ရေးစက်ပစ္စည်းများ ပြန်လည်ပြုပြင်ပြီးစီး

ရန်ကုန် ဇွန် ၈

**ရန်ကုန်မြို့၌ မေလဆန်းတွင် သဘာဝရေကြီးမှုဖြစ်စဉ်၌ ချို့ယွင်းခဲ့သည့် ဆက်သွယ်ရေးစက်ပစ္စည်းများကို သက်ဆိုင်က ပြန်လည်ပြုပြင်ပြီးစီးခဲ့သည်။ အဆိုပါ ဆက်သွယ်ရေးအိတ်ချိန်းများမှာ ဟံသာဝတီအိတ်ချိန်း နယ်မြေ၏ ရွှေပုန်းညက်အိမ်ရာရှိ S-12 RUS (500 Lines) သည် မေ၁ရက်တွင်လည်းကောင်း၊ တောင်ဥက္ကလာပ စာတိုက် ဝင်းရှိ S-12 RUS 500 Lines (၁)လုံးသည် မေ၅ရက်တွင် ရေလွှမ်းခြင်းခံရပြီး ပျက်စီးသွားသော ကတ်များရောက်ရှိ၍ ဇွန်၇ရက်တွင်လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နယ်မြေ DC-5902 သည် မေ၅ရက်တွင် ရေလွှမ်းခြင်းခံရ၍ မေ၁၃ရက်တွင်လည်းကောင်း ပြုပြင်ဖွင့်လှစ်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

## ပဲခူးတိုင်း ကျောက်ကြီးမြို့နယ်အတွင်း သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူသုံးဦး ခြေထောက်ပြတ် ဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၈**

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု ဆောင်ရွက်လျက်ရှိရာ ဇွန်၂ရက် နံနက်၆နာရီခန့်တွင် ကျောက်ကြီးမြို့နယ် ကျောက်ကြီးပေါက်ကျေးရွာမှ ဦးပေါက်စီ၏သား ဦးအောင်သန့် အသက်(၄၈)နှစ်သည် အဖော်ငါးဦးတို့နှင့်အတူ လယ်လုပ်ရန် တောတွင်းသို့သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးကိုနင်းမိပေါက်ကွဲ၍ ဦးအောင်သန့်၏ ညာဘက်ခြေထောက်ဒူးဆစ်အောက်မှပြတ်ကာ ဘယ်ဘက်ခြေသလုံးမိုင်းစထိမှန်ပြီး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါမိုင်းထိဖြစ်စဉ်ကို အဖော်ဖြစ်သူဦးဘိုဝ၏သမီး မသူသူဝင်းအသက်(၁၅)နှစ်က ရွာသို့ အကူအညီတောင်းရန် သွားရောက်စဉ်လမ်း၌ မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲပြီး မသူသူဝင်း၏ ဘယ်ဘက်ခြေထောက်ခြေချင်းဝတ်မှပြတ်ကာ ဘယ်ဘက်လက်ဖဝါး မိုင်းစထိမှန်၍ ဒဏ်ရာရရှိခဲ့သည်။

**ဒဏ်ရာရရှိ**

အလားတူ ဇွန်၂ရက်နံနက် ၇နာရီခွဲခန့်က ကျောက်ကြီးပေါက်ကျေးရွာမှ ဦးကျော်ငွေ၏သား ကျော်ဇင်ဦး အသက်(၂၆)နှစ်သည် ဝါးခုတ်ရန်တောတွင်းသို့ သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲ၍ ကျော်ဇင်ဦး၏ ဘယ်ဘက်ခြေထောက်ခြေချင်းဝတ်မှ ပြတ်ကာညာဘက်ခြေထောက် မိုင်းစထိမှန်ပြီး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါမိုင်းထိဒဏ်ရာရရှိခဲ့ကြသည့် ရွာသားသုံးဦးတို့အား တောင်ငူမြို့နယ်ပြည်သူ့ဆေးရုံသို့ သက်ဆိုင်ရာတာဝန်ရှိသူများက ပို့ဆောင်ပေးကြပြီး ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့်ဒေသခံပြည်သူများကသတင်းဖော်ထုတ်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### အမှာစကား ပြောကြား

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ကျုံပျော်မြို့ ဧရာမင်းခန်းမ၌ ဌာနဆိုင်ရာများ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

**ဇွန် ၅ရက်က ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲတွင် မြို့နယ် တွဲဖက်အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်ဝင်း ဟောပြောဆွေးနွေးစဉ်။** (က-ပ)




## နိုင်ငံတော်သြဝါဒါစရိယ မကွေးတိုင်း မကွေးခရိုင် ချောက်မြို့၊ အနောက်ငွေတောင်တိုက် ဆရာတော် ဘဒ္ဒန္တ ကုန္ဒကသာမိ(အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



ဆရာတော် လောင်းလျာသည် မကွေးတိုင်း ချောက်မြို့နယ် ကြို့ပင်ရွာ ခမည်းတော် ဦးစံအား-မယ်တော် ဒေါ်ရွှေထပ်တို့မှ ၁၂၈၆ ခုနှစ်၊ ဝါဆို လပြည့်ကျော် ၅ ရက် တနင်္ဂနွေနေ့ နံနက် ၄နာရီ အချိန်တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော် လောင်းလျာသည် ၁၃၀၀ ပြည့်နှစ်တွင် ချောက်မြို့နယ် ကြို့ပင်ရွာ ရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တ ကေလာသကို ဥပဇ္ဈာယ်ပြု၍ မိဘ နှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ၁၃၀၆ခုနှစ်တွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ် စဥ့်ကူမြို့ လေသာတိုက် ယာပြင်ကျယ်ကျောင်း ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတကို ဥပဇ္ဈာယ်ပြု၍ ယာပြင် ကျယ်ကျောင်းတိုက်ခဏ္ဍသိမ်တော်၌ စဥ့်ကူ မြို့ဈေးရပ်ကုန်သည် ဦးတင်-ဆရာမ ဒေါ်သန်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ချောက်မြို့နယ် ကြို့ပင်ရွာကျောင်း ဆရာတော် ဘဒ္ဒန္တ ကေလာသ၊ စဥ့်ကူမြို့ လေသာတိုက် ရာပြင်ကျယ်ကျောင်း ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ၊ နတ်မောက်မြို့ ဘုရားကြီးကျောင်း ဆရာတော် ဘဒ္ဒန္တ ရေဝတ၊ မန္တလေးမြို့ ချမ်းသာကြီးတိုက်ဆရာတော် ဘဒ္ဒန္တ နန္ဒမဥ္ဇူ၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတ၊ ရွှေပေါက်ပင်တိုက် ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လ၊ ရေနံချောင်းမြို့ ရွှေတောင်ပါဠိ တက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ နန္ဒမာလာစသော ဆရာတော်ကြီးများထံတွင် ပိဋကတ်အခြေခံကျမ်းစာများကို သင်ယူဆည်းပူးတော်မူ၍ အစိုးရဓမ္မာစရိယ စာမေးပွဲကို ဂုဏ်ထူးကျမ်း(၉)ကျမ်းနှင့်အတူအောင်မြင်တော်မူခဲ့သည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ချောက်မြို့အနောက်ငွေတောင်တိုက်ကို စတင်တည်ထောင်ရာတွင် ပါဝင်ခဲ့ပြီး ၁၃၃၄ ခုနှစ်မှစ၍ ပဓာနနာယကဆရာတော်အဖြစ် ဆောင်ရွက်လျက် စာသင်သားရဟန်း၊ သာမဏေများအား ပထမပြန်စာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲဆိုင်ရာ ကျမ်းစာများပို့ချခြင်း၊ ယဉ်ကျေးမှုဗုဒ္ဓဘာသာနှင့် ပါဠိဖတ်နည်း နိဿရည်း၊ အင်္ဂလိပ်ဂရမ္မာကျမ်းစာအုပ်၊ သိမ်နိမိတ်ကြားနည်း နိဿရည်းကျမ်း၊ အလင်္ကာမှတ်စုကျမ်းများကို ရေးသားတော်မူခြင်း၊ ချောက်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ သာသနာ့ဗိမာန်ဆုတောင်းပြည့်ဘုရား၊ မဟာအေးစေတီဂေါပကအဖွဲ့များ၏ သြဝါဒါစရိယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်ဝိနည်းဓိုရ်တာဝန်များ၊ နိုင်ငံတော်သြဝါဒါစရိယတာဝန်များကို ဆောင်ရွက်တော်မူခြင်းတို့ဖြင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခဲ့သည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ၊ သိက္ခာကာမစသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၅၅ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ဘုရားကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၆၃)ဝါအရ ၁၃၆၉ခုနှစ်၊ နယုန်လပြည့်ကျော်၉ရက် (ဇွန်၈ရက်) သောကြာနေ့ နံနက်၇နာရီ ၁၅မိနစ် အချိန်တွင် သီတင်းသုံးတော်မူရာ ချောက်မြို့ အနောက်ငွေတောင်တိုက်၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

# ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၈

၂၀၀၇ခုနှစ် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး အထွေထွေအတွင်းရေးမှူး ဦးစိုးဝင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ကရာတေးဒို အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။



**ပါဝင်ယှဉ်ပြိုင်**

အမျိုးသမီးတစ်ဦးချင်း (ခတ) ပြိုင်ပွဲတွင် ကယားပြည်နယ်မှ သန်းသန်းလွင် ပါဝင်ယှဉ်ပြိုင်စဉ်။

(မြန်မာ့အလင်း)





ဖွင့်ပွဲအခမ်းအနားတွင် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကား ပြောကြားစဉ်။

(ကရာတေးဒိုအဖွဲ့ချုပ်)

## ပြန်လည်အပ်နှံ

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစား အဖွဲ့ဝင်များသည် သတ်မှတ်နေရာ၌ နေရာယူကြပြီး ယမန်နှစ်က ချန်ပီယံများဖြစ်ကြသော မန္တလေးတိုင်း အမျိုးသမီးအသင်းနှင့် ရန်ကုန်တိုင်း အမျိုးသားအသင်းတို့သည် တံခွန်စိုက်ဒိုင်းဆုကြီးများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ပြန်လည်အပ်နှံကြသည်။

## ဖွင့်လှစ်ပေး

ထို့နောက် အားကစားဝန်ကြီးဌာနဝန်ကြီး ကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌတို့သည် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။

## ပေးအပ်

ယင်းနောက် မြန်မာနိုင်ငံ ကရာတေးဒို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃)နှင့် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းတို့အား ဂုဏ်ပြုလှူဒါန်းငွေကို ပေးအပ်သည်။

## သရုပ်ပြသ

ဆက်လက်၍ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသော အားကစား မောင်/မယ်များနှင့် မျိုးဆက်သစ်လူငယ်အားကစားသမားများက ကရာတေးဒို အားကစားနည်းစနစ်များကို သရုပ်ပြသကြပြီး မြန်မာအိုက်ကီဒိုအဖွဲ့က မြန်မာ အိုက်ကီဒိုနည်းပညာရပ်များကို သရုပ်ပြသကြသည်။

ထို့နောက် အမျိုးသားတစ်ဦးချင်းနှင့် အသင်းလိုက် ခတ အမျိုးအစား ပြိုင်ပွဲများ အမျိုးသမီးတစ်ဦးချင်းနှင့် အသင်းလိုက်ခတအမျိုးအစားပြိုင်ပွဲများနှင့် အမျိုးသား အမျိုးသမီးအတန်းလိုက် ကုမိတဲ့ပြိုင်ပွဲများ ကျင်းပပြီးစီးသည်။

## ဆက်လက်ကျင်းပမည်

ယင်းပြိုင်ပွဲကို ဇွန် ၉ ရက် နံနက် ၉နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၀၇-၂၀၀၈ ဘောလုံးရာသီ၏ မြန်မာလိဂ် ဖွင့်ပွဲအထိမ်းအမှတ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးချန်ပီယံ ဘဏ္ဍာ/အခွန်နှင့် ကွင်းပိတ်ချန်ပီယံ စီးပွား/ကူးသန်း ယှဉ်ပြိုင်မည်

# မြန်မာ့ဘောလုံးတိုးတက်ရေး ပြည်တွင်းပြိုင်ပွဲများ ကျင်းပပေးလျက်ရှိ

ရန်ကုန် ဇွန် ၈

**မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၇-၂၀၀၈ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း၊ ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်း ဘောလုံးပြိုင်ပွဲများ မြန်မာ့ဘောလုံးပရိသတ်ရှေ့မှောက်သို့ မကြာမီရောက်ရှိလာတော့မည်ဖြစ်သည်။**



**ဘဏ္ဍာ/အခွန်အသင်းနှင့် စီးပွား/ကူးသန်းတို့ ၂၀၀၆-၂၀၀၇ ဘောလုံးရာသီ တွေ့ဆုံစဉ်က ဤသို့ သူတင်ကိုယ်တင် ယှဉ်ပြိုင်ခဲ့ကြသည်။**

**သတင်းမှတ်စုနှင့် ဓာတ်ပုံ ကိုကိုစိုးညွန့်**

အတန်းအားလုံး၏ ကွင်းဖွင့်ပြိုင်ပွဲကို ဇွန်လတတိယပတ်တွင် ကျင်းပရန် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က စီစဉ်ထားရာ ပြည်တွင်းဘောလုံးပြိုင်ပွဲများမှာ မကြာမီ စတင်တော့မည်ဖြစ်သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့ဘောလုံးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည့် ပြည်တွင်းပြိုင်ပွဲများကို အဆင့်မြင့်တင်ကျင်းပပေးလျက်ရှိပြီး ပြိုင်ပွဲများ၏ ပွဲစဉ်တိုင်း အကြိတ်အနယ်ဖြင့် ပွဲကောင်းတစ်ပွဲဖြစ်ရန်နှင့် ပရိသတ်များ စိတ်ဝင်စားလာအောင် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

## ရည်ရွယ်

ပြည်တွင်းပြိုင်ပွဲများအား ပိုမိုအဆင့်မြင့်လာစေရန် ရည်ရွယ်၍ ၂၀၀၅-၂၀၀၆ ဘောလုံးရာသီမှစ၍ မြန်မာလိဂ်အမည်ဖြင့် ပြောင်းလဲခေါ်ဝေါ်ကာ ကျင်းပခဲ့သည်။ မြန်မာလိဂ်ဟူ၍ ပြောင်းလဲကျင်းပသော ဘောလုံးရာသီတွင် ရာသီမစမီ၌ မြန်မာလိဂ်ဖွင့်ပွဲ အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲအား ကျင်းပခဲ့ပြီး အဆင့်မြင့်တန်း အမှတ်ပေး ချန်ပီယံအသင်းနှင့် ကွင်းပိတ်ချန်ပီယံ အသင်းတို့အား ယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်သည်။ မြန်မာဘောလုံးပရိသတ်များနှင့် ရင်းနှီးသည့် အင်္ဂလိပ်ပရီမီယာလိဂ် မစမီကျင်းပသည့် ပရီမီယာလိဂ်ချန်ပီယံအသင်းနှင့် အက်ဖ်အေဖလား ချန်ပီယံအသင်းတို့ ယှဉ်ပြိုင်ရသည့် ကွန်မြူနတီဒိုင်းပြိုင်ပွဲ (ယခင်ချာရတီဒိုင်း)ကဲ့သို့ ကျင်းပပေးခြင်းဖြစ်သည်။

## ဖွင့်ပွဲအထိမ်းအမှတ်

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ်ဖွင့်ပွဲအထိမ်းအမှတ် ပြိုင်ပွဲအဖြစ် စတင်ကျင်းပသော ပထမဦးဆုံးပွဲတွင်ဘဏ္ဍာ/အခွန်အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။ ဘဏ္ဍာ/အခွန်အသင်းမှာ၂၀၀၄-၂၀၀၅ ဘောလုံးရာသီ၏ အမှတ်ပေးနှင့်ကွင်းပိတ်ချန်ပီယံအသင်းဖြစ်သဖြင့် အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယရရှိသည့် စီးပွား/ကူးသန်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဘဏ္ဍာ/အခွန်က သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ၂၀၀၆-၂၀၀၇ ဘောလုံးရာသီတွင်လည်း ယင်းဖွင့်ပွဲအထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ပြီး အမှတ်ပေးချန်ပီယံ ဘဏ္ဍာ/အခွန် အသင်းက ကွင်းပိတ်(ရှုံး/ထွက်)ပြိုင်ပွဲ ချန်ပီယံ စွမ်းအင်အသင်းကို လေးဂိုး- တစ်ဂိုးဖြင့် ထပ်မံအနိုင်ရရှိခဲ့သည်။

ကျင်းပပြီးစီးခဲ့သော ဘောလုံးရာသီ နှစ်ခု၏ ဖွင့်ပွဲအထိမ်းအမှတ်ပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန် အသင်းက နှစ်ကြိမ်ဆက်တိုက်ဗိုလ်စွဲထားပြီး ရွေးချယ်ချီးမြှင့်ပေးလျက်ရှိသော အကောင်းဆုံး ဘောလုံးသမားဆုကိုလည်း ၂၀၀၅-၂၀၀၆ပြိုင်ပွဲတွင် ရန်ပိုင်(ဘဏ္ဍာ/အခွန်) နှင့် ၂၀၀၆-၂၀၀၇ပြိုင်ပွဲတွင် ကျော်သူရ (ဘဏ္ဍာ/အခွန်) တို့က ရရှိထားကြသည်။

## ယနေ့ပွဲ

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ၏ မြန်မာ့လိဂ် ဖွင့်ပွဲအထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကို ဇွန် ၉ ရက် **(ယနေ့)** တွင် အောင်ဆန်းအာကစားပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ ယင်းဖွင့်ပွဲ အထိမ်းအမှတ်ပြိုင်ပွဲတွင် ယမန်နှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် ကွင်းပိတ်ချန်ပီယံ စီးပွား/ကူးသန်း အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပြိုင်ပွဲကို ညနေ ၃ နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်သည်။

အဆိုပါ မြန်မာလိဂ်ဖွင့်ပွဲ အထိမ်းအမှတ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ အဆင့်မြင့်တန်းအသင်းများအား ဘောလုံးငါးလုံးနှင့် ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်းအသင်းများအား ဘောလုံးသုံးလုံးစီ ထောက်ပံ့ပေးအပ်မည်ဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းသည် ၂၀၀၆-၂၀၀၇ ဘောလုံးရာသီ၏ အမှတ်ပေးချန်ပီယံ အသင်းဖြစ်ပြီး စီးပွား/ကူးသန်းအသင်းမှာ ကွင်းဖွင့်ပြိုင်ပွဲနှင့် ကွင်းပိတ်ပြိုင်ပွဲတို့၏ ချန်ပီယံအသင်းဖြစ်သည်။ ယမန်နှစ် ဘောလုံးရာသီတွင် တွေ့ဆုံမှုအရ ကွင်းဖွင့်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် စီးပွားကူးသန်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး အမှတ်ပေးပြိုင်ပွဲတွင် ဘဏ္ဍာ/အခွန်က တစ်ဂိုး-ဂိုးမရှိဖြင့် ပြန်လည်အနိုင်ရရှိခဲ့သည်။ မြန်မာလိဂ် ဖွင့်ပွဲအထိမ်းအမှတ် ပြိုင်ပွဲ၏ နှစ်နှစ်ဆက် တိုက်ချန်ပီယံ ဘဏ္ဍာ/အခွန် အသင်းသည် ယင်းပြိုင်ပွဲအား သုံးကြိမ်ဆက်တိုက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး စီးပွား/ကူးသန်းအသင်းမှာ နှစ်ကြိမ်မြောက် ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ဘဏ္ဍာ/အခွန်နှင့် စီးပွားကူးသန်းတို့၏ ဒုတိယအကြိမ်မြောက် တွေ့ဆုံခြင်းလည်း ဖြစ်သည်။

## လူစုံနီးပါး

ယနေ့ယှဉ်ပြိုင်ကစားကြမည့်ပွဲတွင် နှစ်သင်းစလုံး လူစုံနီးပါး ပါဝင်ကစားကြမည်ဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းတွင် ရန်ပိုင်၊ စိုးမြတ်မင်း၊ အောင်အောင်ဦး(ဂိုး)၊ ထွန်းထွန်းဝင်းတို့ဖြင့် လူစုံပါဝင်လာမည်ဖြစ်သလို စီးပွား/ကူးသန်း အသင်းတွင်လည်း မင်းသူ၊ ဇော်လင်းထွန်း-၂၊ မျိုးမင်းထွန်း၊ အောင်မျိုးသန့်၊ မိုးဝင်း စသည့် ကစားသမားများပါဝင်လာမည်ဟု သိရသည်။ မြန်မာ့လက်ရွေး စင်ဟောင်း ဝါရင့်တိုက်စစ်မှူးမျိုးလှိုင်ဝင်းမှာ မကြာမီ စတင်တော့မည့်၂၀၀၇-၂၀၀၈ ဘောလုံးရာသီမှစ၍ ဘဏ္ဍာ/အခွန်အသင်းတွင် ကစားတော့မည် မဟုတ်ကြောင်း သိရသည်။ ထို့ပြင် ဘဏ္ဍာ/အခွန် အသင်းတွင် စိုးမြတ်မင်း၊ ကျော်သူရနှင့် ခင်မောင်ထွန်းတို့သည် ဒဏ်ရာကြောင့် နားနေရာမှ ပြန်ကစားသည်မှာ မကြာသေး၍ သုံးနှစ်ဆက်တိုက် ချန်ပီယံဖြစ်ရန် ပိုမိုအားထုတ် ကစားရဖွယ်ရှိသည်။

## အကြိတ်အနယ်

မည်သို့ပင်ဆိုစေ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ အဆင့်မြင့်တန်းတွင် ပြိုင်ဆိုင်မှုအားပြင်းထန်ပြီး နိုင်လိုစိတ်ပြင်းထန်၍တွေ့ဆုံတိုင်းအကြိတ်အနယ်ဖြင့် ပွဲကောင်းတစ်ပွဲ ဖြစ်တတ်သော ဘဏ္ဍာ/အခွန်နှင့်စီးပွား/ကူးသန်းတို့၏ မြန်မာလိဂ်ဖွင့်ပွဲအထိမ်းအမှတ်ဘောလုံးပွဲသည် မြန်မာဘောလုံး ပရိသတ်များအား အတိုင်းအတာတစ်ခုအထိ ကျေနပ်အားရစေမည့် ပွဲတစ်ပွဲဖြစ်လာနိုင်ပါကြောင်း သတင်းစကား ရေးသားလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**



**ဘဏ္ဍာ/အခွန်အသင်းမှ ဂိုးသမား အောင်အောင်ဦး၏ ဂိုးဖမ်းလေ့ကျင့်ဟန်။**

# ကမ္ဘာတစ်လွှား အားကစား

## အင်္ဂလန်အသင်းအတွက် တစ်ကျော့ပြန် ဒေးဗစ်ဘက်ခမ်း

လန်ဒန် ဇွန် ၈

**အင်္ဂလန်အသင်းအတွက် ဒေးဗစ်ဘက်ခမ်း ပြန်လည်ရောက်ရှိလာခြင်းသည် ကံကောင်းခြင်းများကို ယူဆောင်လာကာ အင်္ဂလန်အသင်း ယူရို ၂၀၀၈ ခြေစစ်ပွဲအောင်ရန် အဓိကတွန်းအားတစ်ရပ် ဖြစ်စေခဲ့သည်။**

**ကိုးကားတင်ပြသူ**
**မောင်မောင်မြင့်ဆွေ**

### ရင်မနေရ

ယူရို ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်ရန် ကြိုးစားရုန်းကန်နေရသော အင်္ဂလန်အသင်းသည် အုပ်စု(င)၌ ခရိုအေးရှား၊ အစ္စရေးနှင့် ရုရှားတို့ကဲ့သို့သော ခြေစွာသည့် အသင်းများနှင့် တစ်အုပ်စုတည်းကျနေခဲ့သဖြင့် ခြေစစ်ပွဲအောင်ရန် အင်္ဂလန်နည်းပြ မက်ကလာရင် ရင်မနေခဲ့ရသည်။

### ပြန်ခေါ်

ယူရို ၂၀၀၈ခြေစစ်ပွဲများ၌ သရေပွဲ ဆက်တိုက်ဖြစ်နေခဲ့ပြီး ခြေစစ်ပွဲအောင်ရန် မျှော်လင့်ချက် ဝေဝါးနေသော အခြေအနေရောက်ရှိနေသည့် အင်္ဂလန်အသင်းအတွက် အဓိကလိုအပ်သော ကွင်းလယ်ကစားသမားနေရာကို ဖြည့်တင်းရန် အင်္ဂလန်နည်းပြ မက်ကလာရင်က ဒေးဗစ်ဘက်ခမ်းအား ပြန်လည်ခေါ်ယူခဲ့သည်။

### မှန်ကန်သောလုပ်ရပ်

၂၀၀၆ ကမ္ဘာ့ဖလား ပြိုင်ပွဲပြီးကတည်းက အင်္ဂလန်အသင်း ခေါင်းဆောင်နှင့် အင်္ဂလန်လက်ရွေးစင်ဘောလုံးသမားဘဝမှ အနားယူခဲ့သော ဒေးဗစ်ဘက်ခမ်းကို မက်ကလာရင် ရအောင်ခေါ်ယူလိုက်ခြင်းမှာ မှန်ကန်သော လုပ်ရပ်တစ်ခုဖြစ်ခဲ့ သည်။

### ထိရောက်မှုမရှိ

အင်္ဂလန်တိုက်စစ်မှူးများ ဂိုးသွင်းစွမ်းရည်ကျဆင်းနေပြီး ဂိုးပေါက်ပျောက်နေမှု၏ အဓိကအချက်မှာ ကွင်းလယ်နှင့် ဘယ်ညာတောင်ပံများမှ တိကျ သေသပ်သော ဖြတ်တင်ဘောများ မရရှိသောကြောင့် ဖြစ်သလို ကွင်းလယ်၌ ဘောလုံးခင်းပေးမှုများကလည်း တိုက်စစ်မှူးများအတွက် ထိရောက်သော အကျိုးပြုမှုများမရှိခဲ့၍ အင်္ဂလန်တိုက်စစ်မှူးများ ဂိုးမသွင်းနိုင်ခဲ့ကြခြင်းဖြစ်သည်။

### အကျိုးပြု

အင်္ဂလန်အသင်းအတွက် ဘက်ခမ်းပြန်လည်ကစားပေးခဲ့သည့် ဘရာဇီးနှင့် ခြေစမ်းပွဲတွင် အသင်းခေါင်းဆောင်တယ်ရီ ခေါင်းတိုက်ဂိုးသွင်းခွင့် ရရန် ဒေးဗစ်ဘက်ခမ်းက တိကျသေသပ်သော ဘောလုံး ဖြတ်တင်ပေးနိုင်ခဲ့သည်။ ဒေးဗစ်ဘက်ခမ်း၏ ကွင်းလယ်မှ ဖြတ်တင်ဘောများသည် အင်္ဂလန်အသင်းကို ထိရောက်သော အကျိုးပြုမှုများ ပေးစွမ်းနိုင်ဆဲပင်ဖြစ်သည်။

### စွမ်းဆောင်နိုင်ခဲ့

ဇွန် ၆ ရက်က ကစားခဲ့သော ယူရို ၂၀၀၈ ခြေစစ်ပွဲတွင် ဂျို့ကိုးလ်နှင့် ပီတာခရေ့ချ်တို့ ဂိုးသွင်းရအောင် ဒေးဗစ်ဘက်ခမ်းက စွမ်းဆောင်ပေးနိုင်ခဲ့သည်။ အက်စ်တိုနီးယားကို အနိုင်ကစားမှသာ ယူရို ၂၀၀၈ ခြေစစ်ပွဲအောင်ရန် မျှော်လင့်နိုင်သော အနေအထားဖြစ်သဖြင့် အသင်းငယ်ဖြစ်သော်လည်း အလေးထားကစားရမည့် အနေအထား၌ အင်္ဂလန်အသင်း သုံးဂိုးပြတ် အနိုင်ရအောင် ဒေးဗစ်ဘက်ခမ်းက စွမ်းဆောင်ပေးနိုင်ခဲ့သည်။

### သုံးမှတ်ကွာ

အက်စ်တိုနီးယားကို အနိုင်ရရှိခဲ့သဖြင့် ယူရို၂၀၀၈ ခြေစစ်ပွဲ အုပ်စု(င)၌ အင်္ဂလန်သည် အုပ်စုထိပ်ဆုံးမှ ခရိုအေးရှားနှင့်ပွဲတူ သုံးမှတ်ကွာနေ



**အင်္ဂလန်အသင်းတွင် ပြန်လည်ခြေစွမ်းပြကစားခဲ့သည့် ဒေးဗစ်ဘက်ခမ်း၏ ကန်ချက်။** (ဓာတ်ပုံ-အင်တာနက်)

သည်။ ထို့အတူ အစ္စရေးနှင့်လည်း အစ္စရေးတို့က ရှစ်ပွဲကစား ၁၇မှတ်ရရှိနေသဖြင့် အင်္ဂလန်တို့က တစ်ပွဲလျော့ သုံးမှတ်ကွာနေသည်။

### ကူညီပေးခဲ့

အုပ်စု (င) ၌ ခရိုအေးရှား၊ အစ္စရေးနှင့် ရုရှားတို့ နိုင်ပွဲများရရှိခဲ့သလို အင်္ဂလန်တို့လည်း နိုင်ပွဲရရှိခဲ့သဖြင့် နည်းပြမက်ကလာရင်၏ ယူရို ၂၀၀၈ ခြေစစ်ပွဲမျှော်လင့်ချက် ရှင်သန်နိုင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။ ထိုသို့ မျှော်လင့်ချက် ရှင်သန်အောင် ဒေးဗစ်ဘက်ခမ်းက များစွာအကူအညီပေးခဲ့သည်။

### ရလဒ်ကောင်း

အင်္ဂလန်ဘောလုံးအသင်းအတွက် ၉၅ပွဲ ကစားပေးခဲ့ပြီးဖြစ်သော ဒေးဗစ်ဘက်ခမ်း၏ အရေးပါမှုသည် အင်္ဂလန်အသင်းအတွက် ရလဒ်ကောင်းများကို ဖြစ်ပေါ်စေသည် ဟူသောအချက်ကို မက်ကလာရင် ယုံကြည်သွားစေခဲ့ပြီဖြစ်သည်။

### တက်ကြွ

ဒေးဗစ်ဘက်ခမ်း၏ ချီးမွမ်းစရာကောင်းသောအချက်မှာ မိမိထံမှ ဘောလုံးအား တစ်ဖက်အသင်းသားတစ်ဦးထံ ပါရှိသွားလျှင် ကျားကုတ်ကျားခဲ လိုက်ပါရယူရန် ကြိုးစားတတ်သလို မိမိအသင်း ရှုံးနိမ့်မှုကြုံတွေ့နေရချိန်၌ နေရာအနှံ့ တက်တက်ကြွကြွ လိုက်ပါကစားကာ အောင်မြင်မှုရရှိအောင် အစွမ်းကုန်ကြိုးစား ကစားတတ်ခြင်းပင် ဖြစ်သည်။

### ကြုံးဝါး

အက်စ်တိုနီးယားကို အနိုင်ရရှိလိုက်ခြင်းအတွက် မက်ကလာရင်က ဒေးဗစ်ဘက်ခမ်းအား ချီးကျူးလိုက်ပြီး အင်္ဂလန်အသင်းသည် ယူရို ၂၀၀၈ ခြေစစ်ပွဲအောင်ရမည်ဟု ကြုံးဝါးခဲ့လေသည်။

### တစ်ကျော့ပြန်

ထို့ကြောင့် ဒေးဗစ်ဘက်ခမ်း တစ်ကျော့ပြန် အင်္ဂလန်လက်ရွေးစင်ခြေစွမ်းမှာ အင်္ဂလန်အသင်း အောင်မြင်မှုရရှိရန် အကြီးမားဆုံးသော အကျိုးပြုမှုများ ပေးဆပ်နေဆဲ ဖြစ်ပါကြောင်း။

**(ကိုးကား-အင်တာနက်)**

## ယူရို-၂၀၀၈ ခြေစစ်ပွဲများ ဆက်လက်ယှဉ်ပြိုင်

လန်ဒန် ဇွန် ၈

**ယူရို ၂၀၀၈ ခြေစစ်ပွဲများကို ဇွန် ၆ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ အုပ်စု(င)မှ အက်စ်တိုနီးယားအသင်းနှင့် အင်္ဂလန်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြရာ အင်္ဂလန်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။**



**အင်္ဂလန်အသင်းအတွက် ဒုတိယမြောက်ဂိုးသွင်းယူပြီး အောင်ပွဲခံနေသော ပီတာခရေ့ချ်။** (ဓာတ်ပုံ အင်တာနက်)

ယူရိုခြေစစ်ပွဲ အုပ်စုပတ်လည်ပွဲများ ကစားလာခဲ့သည်မှာ ဇွန် ၆ ရက်အပြီး ပွဲစဉ် ခုနစ်ပွဲ၊ ခြောက်ပွဲကစားခဲ့ပြီးဖြစ်သည်။ အချို့အသင်းများသည် ခုနစ်ပွဲကစားပြီးဖြစ်သလို အချို့မှာ ရှစ်ပွဲ ကစားထားကြပြီးဖြစ်သည်။

### ပါဝင်

ယူရိုခြေစစ်ပွဲ ဘောလုံးပြိုင်ပွဲများကို အုပ်စု(၇)အုပ်စု ခွဲထားသည်။ တစ်အုပ်စုလျှင် အသင်းခုနစ်သင်းစီပါဝင်သည်။ သို့ရာတွင် အုပ်စု(က)တွင် ရှစ်သင်းပါဝင်သည်။ စုစုပေါင်း ပြိုင်ပွဲဝင်အသင်းပေါင်း ၅၀ ရှိသည်။

အုပ်စု ပထမနှင့် ဒုတိယရရှိသောအသင်းများသည် ၂၀၀၈ ခုနှစ်တွင် ဩစတြီးယားနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပမည့် ယူရိုနောက်ဆုံးအဆင့်ပြိုင်ပွဲသို့ တိုက်ရိုက်ကစားခွင့် ရရှိကြမည်ဖြစ်သည်။

**ဇွန် ၆ ရက် ယူရိုခြေစစ်ပွဲများအပြီး အုပ်စုလိုက်အသင်းများ၏ ရပ်တည်မှုကို အောက်ပါအတိုင်း ထိပ်ပိုင်းလေးသင်းစီကို ဖော်ပြလိုက်ပါသည်။**

**(အင်တာနက်)**

**အုပ်စု(က)**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ပိုလန် | ၉ | ၆ | ၁ | ၂ | ၁၉ |
| ဆားဘီးယား | ၇ | ၄ | ၂ | ၁ | ၁၄ |
| ပေါ်တူဂီ | ၇ | ၄ | ၂ | ၁ | ၁၄ |
| ဖင်လန် | ၈ | ၄ | ၂ | ၂ | ၁၄ |

**အုပ်စု(ခ)**

| | | | | | |
|---|---|---|---|---|---|
| ပြင်သစ် | ၇ | ၆ | ၀ | ၁ | ၁၈ |
| အီတလီ | ၇ | ၅ | ၁ | ၁ | ၁၆ |
| စကော့တလန် | ၇ | ၅ | ၀ | ၂ | ၁၅ |
| ယူကရိန်း | ၆ | ၄ | ၀ | ၁ | ၁၂ |

**အုပ်စု(ဂ)**

| | | | | | |
|---|---|---|---|---|---|
| ဂရိ | ၇ | ၆ | ၀ | ၁ | ၁၈ |
| ဘော့စနီးယား | ၇ | ၄ | ၁ | ၂ | ၁၃ |
| တူရကီ | ၆ | ၄ | ၁ | ၂ | ၁၃ |
| နော်ဝေ | ၇ | ၄ | ၁ | ၂ | ၁၃ |

**အုပ်စု(ဃ)**

| | | | | | |
|---|---|---|---|---|---|
| ဂျာမနီ | ၇ | ၆ | ၁ | ၀ | ၁၉ |
| ချက် | ၇ | ၄ | ၂ | ၁ | ၁၄ |
| အိုက်စလန် | ၇ | ၄ | ၁ | ၂ | ၁၃ |
| ဆလိုဗက်ကီးယား | ၇ | ၃ | ၀ | ၃ | ၉ |

**အုပ်စု(င)**

| | | | | | |
|---|---|---|---|---|---|
| ခရိုအေးရှား | ၇ | ၅ | ၂ | ၀ | ၁၇ |
| အစ္စရေး | ၈ | ၅ | ၂ | ၁ | ၁၇ |
| ရုရှား | ၇ | ၄ | ၃ | ၀ | ၁၅ |
| အင်္ဂလန် | ၇ | ၄ | ၂ | ၁ | ၁၄ |

**အုပ်စု(စ)**

| | | | | | |
|---|---|---|---|---|---|
| စပိန် | ၇ | ၅ | ၀ | ၂ | ၁၅ |
| ဆွီဒင် | ၆ | ၅ | ၀ | ၁ | ၁၅ |
| မြောက်အိုင်ယာလန် | ၆ | ၄ | ၁ | ၁ | ၁၃ |
| ဒိန်းမတ် | ၅ | ၃ | ၁ | ၁ | ၁၀ |

**အုပ်စု(ဆ)**

| | | | | | |
|---|---|---|---|---|---|
| ရိုမေးနီးယား | ၇ | ၅ | ၂ | ၀ | ၁၇ |
| ဘူလ်ဂေးရီးယား | ၇ | ၄ | ၃ | ၀ | ၁၅ |
| နယ်သာလန် | ၆ | ၄ | ၂ | ၀ | ၁၄ |
| အယ်လ်ဘေးနီးယား | ၇ | ၄ | ၃ | ၂ | ၉ |

**ရေးသားသူ-မြင့်မောင်စိုး**

## ဇွန် ၆ ရက် ယူရိုခြေစစ်ပွဲ အနိုင်အရှုံး

အုပ်စု(က)

| | | |
|---|---|---|
| ကာဇက်စတန် | ၁ - ၁ | အဇာဘိုင်ဂျန် |
| အာမေးနီးယား | ၁ - ၀ | ပိုလန် |
| ဖင်လန် | ၂ - ၀ | ဘယ်လ်ဂျီယံ |

အုပ်စု(ခ)

| | | |
|---|---|---|
| ဖာရိုကျွန်းစု | ၀ - ၂ | စကော့တလန် |
| ပြင်သစ် | ၁ - ၀ | ဂျော်ဂျီယာ |
| လစ်သူယေးနီးယား | ၀ - ၂ | အီတလီ |

အုပ်စု(ဂ)

| | | |
|---|---|---|
| နော်ဝေ | ၄ - ၀ | ဟန်ဂေရီ |
| ဘော့စနီးယား | ၁ - ၀ | မော်လ်တာ |
| ဂရိ | ၂ - ၁ | မော်ဒိုဗာ |

အုပ်စု(ဃ)

| | | |
|---|---|---|
| ဂျာမနီ | ၁ - ၀ | ဆလိုဗက်ကီးယား |

အုပ်စု(င)

| | | |
|---|---|---|
| အင်ဒိုရာ | ၀ - ၂ | အစ္စရေး |
| ခရိုအေးရှား | ၀ - ၀ | ရုရှား |
| အက်စ်တိုနီးယား | ၀ - ၃ | အင်္ဂလန် |

အုပ်စု(စ)

| | | |
|---|---|---|
| ဆွီဒင် | ၅ - ၀ | အိုက်စလန် |
| လတ်ဗီးယား | ၀ - ၂ | ဒိန်းမတ် |
| လက်ချင်စတိန်း | ၀ - ၂ | စပိန် |

အုပ်စု(ဆ)

| | | |
|---|---|---|
| လူဇင်ဘတ် | ၀ - ၃ | အယ်လ်ဘေးနီးယား |
| ရိုမေးနီးယား | ၂ - ၀ | ဆလိုဗေးနီးယား |
| ဘူလ်ဂေးရီးယား | ၂ - ၁ | ဘီလာရုစ် |

(အင်တာနက်)



## လှိုင်ကော်မြို့ မူလတန်းကြိုကျောင်း အဆောက်အအုံဆောက်လုပ်ရန် ပန္နက်တင်

လှိုင်ကော် မေ ၂၅

**ကယားပြည်နယ် လှိုင်ကော်မြို့ မင်းစုရပ်ကွက်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးဝင်းအတွင်း၌ မူလတန်းကြိုကျောင်း အဆောက်အအုံဆောက်လုပ်ရန် မြေနေရာတွင် ပန္နက်တင်မင်္ဂလာအခမ်းအနား မေ၁၈ရက် နံနက် ၁၁နာရီက ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင် တက်ရောက်အားပေးသည်။**

**ပန္နက်တင်**

အခမ်းအနားတွင် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ကြည်က မင်္ဂလာအချိန်ကျရောက်သည်နှင့် ပန္နက်သုံးချက်တင်ပေးပြီး **(အပေါ်ပုံ)** အမွှေးနံ့သာရည်များ ပက်ဖျန်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**တည်ဆောက်မည်**

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး အဆောက်အအုံမှာ အကျယ်၁၈ပေ၊ အရှည်၃၆ပေဖြစ်၍ အုတ်ကာသွပ်မိုးဖြင့် တည်ဆောက်မည်ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေကျပ်၆၇သိန်းဖြစ်ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

## စာကြည့်တိုက်များ ကိုယ်ပိုင်အဆောက်အအုံဖြစ်ရေး ရှင်းလင်းဆွေးနွေး မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲ နတ်တလင်း၌ကျင်းပ

နတ်တလင်း ဇွန် ၂

**ပဲခူးတိုင်း(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုးနှင့်အဖွဲ့သည် သာယာဝတီခရိုင် ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးစိုးလွင်၊ မြို့နယ်ဦးစီးမှူး ဒေါ်လဲ့ဝါမြင့်တို့လိုက်ပါလျက် မေ ၂၃ ရက် နံနက် ၉ နာရီက နတ်တလင်းမြို့နယ်ရုံးသို့ ရောက်ရှိပြီး အနောက်စုကျေးရွာအုပ်စု ဓမ္မာရုံတွင် ကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ ဆွေးနွေးပွဲကျင်းပသည်။** (အောက်ယာပုံ)




အခမ်းအနားတွင် တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုးက ကျေးရွာ အုပ်စုအတွင်း ဖွံ့ဖြိုးရှင်သန်နေသည့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ကိုယ်ပိုင်အဆောက်အအုံဖြစ်မြောက်ရေးကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းက မြို့နယ်ရုံးမှလှူဒါန်းသည့် မဂ္ဂဇင်း၊ ဂျာနယ်စာအုပ်မျိုးစုံ အုပ်၁၀၀၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးကျော်မင်းထွဋ်က စာအုပ်မျိုးစုံအုပ် ၁၀၀၊ မီးသတ်ဦးစီးမှူး ဦးစိုးမင်းနှင့် ဇနီးတို့က စာအုပ်မျိုးစုံအုပ်၅၀၊ ကျေးရွာ အလှူရှင်ဦးစိုးညွန့်က သတင်းစာစောင်ရေ၁၀၀တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ပဲကြီးဖြတ်ဖွင့်လှစ်

**ကဝမြို့နယ် သပြုစံပြကျေးရွာ အောင်သီတာ ကွန်ကရစ်လမ်းဖွင့်ပွဲကို မေ ၂၆ ရက်က ကျင်းပရာ သပြုစံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်အောင်တိုးနှင့် အလှူရှင်ဦးလှတင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (၂၄၀)

## ဒေါက်တာဦးကျော်လှ ပညာသင်ဆု ပေးအပ်ချီးမြှင့်

**မြစ်ငယ် မေ ၂၀**

မန္တလေးတိုင်း အမရပူရမြို့နယ် စာတိုး–မြို့ပြင်ကြီးကျေးရွာအုပ်စု စက်ကွေ့ရပ်နေ မြန်မာ့မီးရထားအငြိမ်းစားဆရာဝန် ဒေါက်တာ ဦးကျော်လှက ငွေပဒေသာပင် စိုက်ထူ၍ အဋ္ဌမတန်း ကျောင်းသား ကျောင်းသူများအား ပညာသင်ဆု စာမေးပွဲ ကျင်းပပြီး ၂၀၀၇ခုနှစ် ဆဋ္ဌမအကြိမ် ပညာသင်ဆု ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို မေ ၅ရက် နံနက် ၇နာရီက မြစ်ငယ်မြန်မာ့မီးရထားခန်းမတွင် ကျင်းပသည်။

**ဂုဏ်ပြုစကား**

ရှေးဦးစွာ ပညာသင်ဆု အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးမြင့်သိန်းက လုပ်ငန်း ဆောင်ရွက်ခဲ့မှုများနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စေတနာ အလှူရှင်ဒေါက်တာဦးကျော်လှက ဂုဏ်ပြုစကားပြောကြားသည်။

**ဆုချီးမြှင့်**

ဆက်လက်၍ ဆုများပေးအပ်ချီးမြှင့်ရာ ဂုဏ်ထူးဆု ၂၇ဆု၊ နှစ်သိမ့်ဆု ၁၅ဆု၊ အထူးဆု ငါးဆု၊ ဘာသာရပ်အမှတ်အများဆုံးဆု ၁၁ဆု၊ အမှတ်ပြည့်ဆု သုံးဆုနှင့် သင်ကြားမှုစွမ်းရည်ဆု ခုနစ်ဆုတို့ကို ဒေါက်တာဦးကျော်လှ၊ ပညာဒါနအလှူရှင်များနှင့် မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ အထွေထွေမန်နေဂျာဦးကြင်မော်၊ ဒုတိယ အထွေထွေမန်နေဂျာဦး မျိုးမြင့်တို့က ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြစ်ငယ်အထကသို့ ငွေကျပ်ခြောက်သိန်းတန်ဖိုးရှိ စာသင်ခုံ များကို မြစ်ငယ်စက္ကူရုပ်စတိုးမှ ဦးသာကြည်မိသားစု၊ စက်ကွေ့ရပ် ကိုဇင်စတိုးမှ ဦးညွန့်မောင်–ဒေါ်တင်ညွန့်မိသားစုနှင့် စာတိုးရွာ ဦးတင်မြင့်–ဒေါ်ကြည်ငွေးမိသားစုတို့က လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြဝင်းက လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။ **(၂၀၉)**



## သုံးခွမြို့နယ် အရှေ့တံခွန်တိုင်ကျေးရွာ၌ စာဖတ်ပွဲကျင်းပ

**သုံးခွ မေ ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ မေ ၁၉ရက်က ကဒပ္ပနကျေးရွာအုပ်စု အရှေ့တံခွန်တိုင်ကျေးရွာ ပညာရတနာ စာကြည့်တိုက်၌စာဖတ်ပွဲ ကျင်းပရာမသင်းသင်းအေးက ဒို့ကျေးရွာအတွဲ(၄) အမှတ်(၅)မှ အင်ကြင်းစံ၏နောက်ဖေးခံတက်စီးပွားတက်၊ မစန္ဒာလင်းကဒို့ကျေးရွာ အတွဲ(၄) အမှတ်(၄)မှ ကိုချမ်းမြေ့၏ ခိုင်းနွားကောင်း၏ အင်္ဂါရုပ်၊ မဆုမွန်ကျော်က ဒို့ကျေးရွာ အတွဲ(၄) အမှတ် (၂)မှ စိုးထက်ကျော်၏ စာကြည့်တိုက်မှူးကောင်း ဆောင်းပါးတို့ကို ဖတ်ကြားဆွေးနွေးကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးညွန့်ရွှေက စာဖတ်ပွဲကျင်းပရသည့် ရည်ရွယ်ချက်နှင့် ဆွေးနွေးချက်တို့ကို ပြန်လည် ရှင်းလင်းသုံးသပ်ပြီးဖတ်ကြားဆွေးနွေး ကြသူများအား စာကြည့်တိုက်နာယက ဦးလှ**(အောက်ပုံ)**က ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



**သန်လျင်မြို့နယ်တွင် အနေးယာဉ် မြင်းလှည်းများ သက်တမ်းတိုး ပေးနိုင်ရေးအတွက် မေ ၂၉ ရက်က ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်၊ ဒုတိယဦးစီးမှူး (စည်းကမ်း) ဦးမျိုးကြည်နှင့် မြင်းလှည်း အသင်းဥက္ကဋ္ဌ ဦးစိန်အေးတို့ စစ်ဆေးရာသို့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး ကြီးကြပ်ပေးစဉ်။**
(မြို့နယ်စည်ပင်)




## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၉ ခုနှစ်**
**နယုန်လပြည့်ကျော် ၁၁ ရက်**
**၁၀–၆–၂၀၀၇ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော်(မင်းကွန်း ဆရာတော်ကြီး၏ဓမ္မဒေသနာ)

**နေ့လယ်ပိုင်း**

၁၀:၀၀ သိပ္ပံအကြောင်းသိကောင်းစရာ (သိပ္ပံနှင့် နည်းပညာတိုးတက်မှုအကြောင်း–သိပ္ပံမှူးတင်)

၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (ဝေါမြို့နယ်စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုများ)

၁၁:၃၀ မေတို့တွက်တာအလှကမ္ဘာ (အရွယ်မရွေးလှပဖို့ စတိုင်ကျကျဝတ်ကြစို့)

၁၁:၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ကိုယ်ကသာချစ်ရသူပါကွယ် (ကိုတင်လှ)
(၂) ချစ်စကားဘယ်ခါကြားရမယ်(မသက်မွန်)
(၃) မောင့်ကိုချစ်ရင်ပြုံးပြပါလား (အညာသားအေးလွင်)

၁၂:၀၀ ကလေးများအတွက်ပုံပြင် (ခိုကလေးတူလူ)

၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ရင်တွင်းစကား)

၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့အနုပညာ–ချစ်စံဝင်း)

**ညနေပိုင်း**

၁၆:၁၀ နေ့စဉ်သုံး အီဒီယမ်

၁၇:၀၀ တေးသံစုံ (မြန်မာ့အသံရွာစားတင်ဝင်းနိုင်နှင့် ဒုံမင်းဆန်းတင့်တို့၏ တီးကွက်ညွှန့်ပဒေသာ)

၁၇:၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (သတ္တိထူးသည့်ရဲနောင်မြန်မာများ၏ စွမ်းပကား) (ညွှန့်ဟံ–ကြူတော)

၁၇:၃၀ တေးရေးသူအကြိုက် (မြနဒီ)

၁၉:၁၅ ကိုယ်တိုင်ရွေးချယ်နားဆင်မယ်

၂၀:၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)

၂၀:၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) တစ်ရွာသားအချစ် (ဟသ်ာတအောင်တင်ဝင်း)
(၂) လွမ်းရိပ်ဝေသောညများ (နီနီ)
(၃) ချစ်စိတ်တဝေဝေ (မေမြို့ ခင်မောင်မြင့်)



ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ပုလဲကွန်ဒို(အေ-၀၄၀၄) နေ ဦးအောင်ကျော်-ဒေါ်မိမိလေး၊ သားသမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## သောက်သုံးရေဖူလုံရေး သပိတ်ကျင်း၌ ဆောင်ရွက်

**သပိတ်ကျင်း ဇွန် ၁**

သပိတ်ကျင်းမြို့နယ် တွင်းငယ်ကျေးရွာအုပ်စု ရှားတောကျေးရွာတွင် သောက်သုံးရေဖူလုံစွာ ရရှိမှု ရှိ မရှိနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပေးထားသော လက်နှိပ်တုံကင်တွင်း ကောင်းမွန်မှုရှိ မရှိတို့ကို မေ ၁၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဂျော့ချ်မျိုးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂)ဒေါ်ဇင်ဇင်သက်တို့ ကွင်းဆင်းစစ်ဆေးကြပြီး လက်နှိပ်ပန့်ပြင်ဆင်ခြင်း လုပ်ငန်းကိုကျေးရွာပြည်သူများပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရေကျော်ရပ် အိမ်ကြီးလမ်း အမှတ်၂၄ အခန်း၃နေ ဦးအောင်ကျော်တင့်-ဒေါ်ခင်စန်းကြူနှင့် သမီးများမိသားစုက မိဘများအားရည်စူး၍ အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ပြည်တော်သာ အရှင်စန္ဒန(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ကြီးမှူး အရန်သားဖွားဆရာမ သင်တန်းဆင်း၊ ထောက်ပံ့ငွေများပေးအပ်

မန္တလေး မေ ၁၈

**မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် မန္တလေးခရိုင် အရန်သားဖွားဆရာမသင်တန်း(၁/၂၀၀၆)ဆင်းပွဲနှင့် (၂/၂၀၀၇)ဖွင့်ပွဲ အခမ်းအနားကို မေ ၁၈ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံးတွင် ကျင်းပသည်။**

အခမ်းအနားသို့ မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ဝင်များ၊ ဒုတိယတိုင်းကျန်းမာရေး ဦးစီးဌာနမှူးဒေါက်တာယဉ်သန္တာလွင်နှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အသင်းဝင်များ၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အမှာစကားပြောကြားပြီး**(အပေါ်ယာပုံ)**မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးကိုယ်စား ဒုတိယ တိုင်းကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာယဉ်သန္တာလွင်က သင်တန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**လှူဒါန်း**

ဆက်လက်၍ မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အရန်သားဖွားဆရာမသင်တန်း(၂/၂၀၀၇)ဖွင့်လှစ်ရန်အတွက် ထောက်ပံ့ငွေကျပ်လေးသိန်းကို ပေးအပ်လှူဒါန်းရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်ကြွေက လက်ခံရယူသည်။

ထို့နောက် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များနှင့် အရန်သားဖွားဆရာမက Kitပုံးများ ပေးအပ်သည်။ ဆက်လက်၍လက်တွေ့သင်တန်းကာလတွင် ကလေးအများဆုံး မွေးပေးနိုင်သူ သင်တန်းသူနှစ်ဦးကိုငွေကျပ်တစ်သောင်းစီ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့ တြိဂံမြေခင်းဥယျာဉ်တွင် မေ ၁၀ ရက်က အဖွဲ့ဝန်ထမ်းများ ပန်းအလှပင်များ စိုက်ပျိုးခြင်းကို ဦးစီးအရာရှိ ဦးလှသိန်းနှင့် အငယ်တန်းအင်ဂျင်နီယာ ဦးကျော်လင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

## မြို့နယ် သတင်းများ

## နေခြည်ဦးစာကြည့်တိုက် ရေရှည်တည်တံ့ရေးရှင်းလင်း သုတ၊ ရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

**ကျိုက်လတ် မေ ၃၀**

ကျိုက်လတ်မြို့အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မေ ၁၈ ရက် နံနက် ၁၀ နာရီခွဲက ထင်းကွင်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကိုယ့်အားကိုယ်ကိုး နေခြည်ဦးစာကြည့်တိုက် ရေရှည်တည်တံ့ရေး စာဖတ်ပွဲနှင့် စာအုပ်စာစောင်လှူဒါန်းပွဲကို ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင်မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြတ်စိုးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ဆွေဝင်းက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြတ်စိုးက သုတ၊ ရသစာအုပ်မျိုးစုံကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုသန့်က သုတ၊ ရသစာအုပ်မျိုးစုံကိုလည်းကောင်း၊ ကျေးရွာဥက္ကဋ္ဌဦးသန်းညွန့်ထံ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူသည်။

ထို့နောက် စာဖတ်ပွဲ ဆက်လက်ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုသန့်က လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်မှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ခေါင်းစဉ်ပါဆောင်းပါးကို ဖတ်ကြားပြီး စာထောက်(၃) ဒေါ်ရီရီမြင့်က စာရေးဆရာချစ်နိုင်(စိတ်ပညာ) ရေးသားသည့် စည်းကမ်းရှိမှ ခေါင်းစဉ်ပါ ဆောင်းပါးကို ဖတ်ကြားကာ ဆောင်းပါးများကို ပြန်လည်ဆွေးနွေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**



## သာသနာပြုကျောင်းတော်ကြီး ဆောက်လုပ်ရန် အလှူငွေများပေးအပ်

**ရန်ကုန် ဇွန် ၈**

ချင်းပြည်နယ် ဟားခါးမြို့ မြို့မသာသနာပြုစာသင်တိုက်မှ ချင်းတောင်တန်း သာသနာပြု ဆရာတော် ဘဒ္ဒန္တတေဇောသာရ(ဓမ္မာစရိယ၊ဘီအေ၊မဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊နိုင်ငံတော်ဝိနည်းဓိုရ်) သည် ဓမ္မာစရိယတန်းရောက် ချင်းတိုင်းရင်းသားရဟန်း၊ သာမဏေများ သီတင်းသုံး၍ ပညာသင်ကြားနိုင်ရန် ချင်းပြည်နယ် ဗုဒ္ဓသာသနာထွန်းကားရေး ရတနာလင်္ကာရ သာသနာပြု ကျောင်းတော်ကြီးကို တာမွေမြို့နယ် ကျိုက္ကဆံလမ်း အမှတ် ၃၁၄ တာမွေဈေး အနီးတွင် ဆောက်လုပ်လျက်ရှိသည်။

ကျောင်းတော်ကြီးအတွက် တာမွေ သမိန်ဗရမ်းလမ်း အမှတ် ၆ နေ ဦးလှမြင့်-ဒေါ်မြိုင်တို့အား ရည်စူး၍ ဦးကျော်နိုင်-ဒေါ်ခင်ခင်မြင့်၊ သမီး ဆုဝေမွန်၊ ညီမ ဒေါ်ထားထားမြင့် (တံခွန်မိသားစု) တို့က ငွေကျပ်ခြောက်သိန်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးသန်းအောင်-ဒေါ်အေးချစ်ကျော်၊ သား ဗိုလ်ကြီး လွှမ်းဝေအောင်၊ ဗိုလ်ထူးဝေအောင်၊ ကိုထက်ဝေအောင်၊ မိသားစုက ငွေကျပ်ငါးသိန်း၊ သာကေတ(၁)ဈေးမှ ဦးငွေနိုင်-ဒေါ်ခင်သန်းမြင့် (ရတနာထွန်းရောင်းဝယ်ရေး) မိသားစုက ငွေကျပ် ငါးသိန်း၊ ကျိုက္ကဆံလမ်း အမှတ် ၂၆၈ နေ ဦးတင်ဋ္ဌေး-ဒေါ်လှလှ၊ သား ဝေဖြိုးအောင်၊ အောင်ဖုန်းဖြိုး၊ သမီး မအေးသီတာ၊မဆုလာဒ်ရတနာ မိသားစုက ငွေကျပ်သုံးသိန်း၊ တာမွေမြို့နယ် ရွှေဟင်္သာလမ်း အမှတ် ၂၁ နေ မောင်ဝင်းနိုင်-မဝါဝါချို၊ သမီးသဲသဲဇာခြည်နိုး မိသားစုက ငွေကျပ်နှစ်သိန်းတို့ကိုသာသနာပြုဆရာတော်ထံ လှူဒါန်းကြသည်။

ကျောင်းတော်ကြီး ပြီးစီးနိုင်ရန် အတွက်လှူဒါန်းလိုသောအလှူရှင်များသည် ချင်းတောင်တန်းသာသနာပြုဆရာတော် ဖုန်း-၀၉-၅၀-၁၁၄၂၀၊ ၀၁-၅၄၅၁၅၃ (ရန်ကုန်)နှင့် ဖုန်း- ၀၇၀-၂၁၁၃၂ (ဟားခါး)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**လင်းခေးမြို့နယ် ကြက်ငှက်တုပ်ကွေး ပညာပေးဟောပြောပွဲ အခမ်းအနားကို မေ ၂၈ ရက်က နားကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပရာ လင်းခေးခရိုင် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကျော်ဇောက ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဟောပြောစဉ်။**

(ခရိုင် ပြန်/ဆက်)





**ကျောက်တန်းမြို့နယ် တံတားမြို့ အမှတ်(၂)ရပ်ကွက် အတွင်းရှိ နိုင်ငံတော် ထောက်ပံ့ငွေဖြင့် တူးဖော်ထားသော လေးလက်မစက်ရေတွင်း၊ ရေကန်နှင့် ရေစက်ကြိုးခိုင်မှုကို မေ ၂၃ ရက်က ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးကြီးမြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)



မွန်ပြည်နယ် ကျိုက်ထိုမြို့ ကျိုက်ထီးရိုး မဟာစည်သာသနာ့ ရိပ်သာအတွင်း၌ ဘဒ္ဒန္တ ဝိစာရိန္ဒ မဟာစည်နာယကသာသနာ့ကုန်းဆရာတော်ဦးဆောင်၍ တည်ဆောက်လျက်ရှိသော မဟာစည် သိမ်ကျောင်းတော်နှင့် ရွှေတိဂုံစေတီပုံတူ တည်ထား ကိုးကွယ်ရန်အတွက် မွန်ပြည်နယ် သထုံမြို့နယ် သိမ်ဆိပ်တိုက်နယ် ဦးချိန်ဟုတ်-ဒေါ်ချိုချိုစန်း မိသားစုတို့က အလှူငွေကျပ်သုံးသိန်းကို တာဝန်ခံ ဦးမြင့်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# ရေတာရှည်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ အလှူငွေနှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

ရေတာရှည် ဇွန် ၃

**၂၀၀၇-၂၀၀၈ ပညာသင်နှစ် ရေတာရှည်မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားနှင့် အလှူငွေ၊ ကျောင်းသုံးစာအုပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီက ရေတာရှည်မြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမတွင် ကျင်းပသည်။**



အခမ်းအနားတွင် မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့် မြို့နယ်ပညာရေးမှူး ဦးမောင်မောင်မော်တို့က အမှာစကားပြောကြားကြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သီက ကျောင်းအပ်နှံရေးနေ့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် အလှူငွေပေးအပ်ပွဲနှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်ပွဲ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က အလှူငွေကျပ်ငါးသောင်းကို မြို့နယ်ပညာရေးမှူး ဦးမောင်မောင်မော်သို့ ပေးအပ်ပြီး **(အပေါ်ပုံ)** မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းမြင့်ထွန်းက အလှူငွေကျပ် သုံးသောင်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သီသို့ ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူးက ကျောင်းအုပ်ဆရာမကြီးသို့ သူငယ်တန်းပြဋ္ဌာန်းစာအုပ် ၆၅ စုံကို ပေးအပ်လှူဒါန်းပြီး ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများက အလှူငွေများနှင့် စာရေးကိရိယာပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးသို့ ပေးအပ်လှူဒါန်းကြသည်။ **(က-ပ)**

# ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး မြေစိုက်ပိုစတာစိုက်ထူပွဲ ဂန့်ဂေါ၌ ကျင်းပ

**ဂန့်ဂေါ ဇွန် ၂**

ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေး မိဘပြည်သူ ဝိုင်းကူပေး မြေစိုက်ပိုစတာစိုက်ထူပွဲနှင့် ဖွင့်ပွဲကို မေ ၂၇ ရက် နံနက်က ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပရာ ဂန့်ဂေါခရိုင်ဥက္ကဋ္ဌ ဦးအင်းကြူက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

**တက်ရောက်**

အခမ်းအနားသို့ ခရိုင်အတွင်းရေးမှူး ဦးသိန်းမြင့်၊ အဖွဲ့ဝင်ရဲမှူး တင့်အောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ချို့တဲ့ကျောင်းသား ကျောင်းသူများအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များ စုပေါင်း၍ ငွေကျပ် ၃၂၂၀၀၀ ကို ခရိုင်ပညာရေးမှူး ဦးဆန်လုံးထံသို့ ပေးအပ်လှူဒါန်းကြသည်။ **(၂၇၃)**

## အလေးချိန်ခွင်

**ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးလှမျိုး မေ ၂၄ ရက်က ကျောက်မဲမြို့ ဗဟိုဈေးကြီးအတွင်း အသား၊ ငါး ရောင်းချနေသော အလေးချိန်ခွင်များ မှန်ကန်မှုရှိစေရေး ကြည့်ရှုစစ်ဆေးစဉ်။**
(မြို့နယ်စည်ပင်)



# အခြေခံပညာကျောင်းများ ကျောင်းအပ်နှံရေး အောင်မြေသာစံမြို့နယ်၌ ဆောင်ရွက်

မန္တလေး ဇွန် ၄

**၂၀၀၇ခုနှစ် ကျောင်းဖွင့်အမီ မန္တလေး အောင်မြေသာစံမြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများ ကျောင်းတွင်း ကျောင်းပြင် သန့်ရှင်းရေးနှင့် ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံရေး လက်ခံဆောင်ရွက်ခြင်းကို မေ ၂၇ ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်း၊ အတွင်းရေးမှူး ဒေါ်မွှေးမွှေးကို၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သန်းနှင့် အမှုဆောင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ထွေးထွေးနိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ခင်မာဆောင်းတို့လိုက်ပါလျက် ကျောင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။**

ရှေးဦးစွာ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ ခေတ္တ မြို့နယ်ပညာရေးမှူး ဦးရဲမြင့်၊ ကျောင်းအုပ်ဆရာကြီး ဦးတင်မောင်မြင့်နှင့် ဆရာ ဆရာမများ၊ မိဘဆရာအသင်းအတွင်းရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင်တို့က ကြိုဆိုကြသည်။

ထို့နောက် ကျောင်းအပ်နှံရေးကို ကြည့်ရှုပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ပူးပေါင်း၍ ကျောင်းသန့်ရှင်းရေးလုပ်ငန်းကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

အလားတူ အထက(၁)၊(၄)၊ (၈) ကျောင်းများကိုလည်း ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(၁၆၂)**

# သာစည်မြို့နယ် ကျေးရွာအုပ်စုလုံးကျွတ် စာကြည့်တိုက်များဖွင့် ရည်ရွယ်ချက်ရှင်းလင်း၊ သုတ ရသစာအုပ်နှင့် အလှူငွေများလှူဒါန်း

**သာစည် ဇွန် ၂**

ကျေးရွာအုပ်စုလုံးကျွတ် စာကြည့်တိုက်များ ဖွင့်ပွဲအခမ်းအနားကို မေ ၂၄ ရက် နံနက် ၈ နာရီက သာစည်မြို့ ကုက္ကိုကန်ကျေးရွာအုပ်စုတွင် ကျင်းပသည်။

**ဖဲကြိုးဖြတ်**

ရှေးဦးစွာ သက်သော့ကျေးရွာ ပွင့်သစ်ဝေဝေစာကြည့်တိုက်ကို နံနက်၈နာရီက မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမိုးမြင့်သိန်းနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးထွန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ထနောင်းကုန်းကျေးရွာ အတွေးသစ်အမြင်သစ် စာကြည့်တိုက်၊ ကုက္ကိုကန်ကျေးရွာ ရောင်ခြည်စာကြည့်တိုက်၊ ရှမ်းရွာ မိုးသောက်ပန်းစာကြည့်တိုက် **(အောက်ပုံ)** နှင့် တောင်သာယာကျေးရွာ ပြုံးပန်းဝေစာကြည့်တိုက်များသို့ သွားရောက်၍ ခရိုင်ဦးစီးအရာရှိ မြို့နယ်အသင်းအတွင်းရေးမှူးနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် တောင်သာယာကျေးရွာတွင် အုပ်စုလုံးကျွတ် စာကြည့်တိုက်များ ဖွင့်လှစ်မှုအောင်မြင်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်အသင်း အတွင်းရေးမှူး ဦးမိုးမြင့်သိန်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက စာကြည့်တိုက်များ ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ မူဝါဒသဘောတရားများကို ရှင်းလင်းပြောကြားသည်။

**လှူဒါန်း**

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျေးရွာစာကြည့်တိုက်များအတွက် မဂ္ဂဇင်းမျိုးစုံ အုပ်၁၀၀ ကို အတွင်းရေးမှူး ဦးမိုးမြင့်သိန်းကလည်းကောင်း၊ ပျော်ဘွယ်မြို့နယ် ဦးခင်မောင်ညို-ဒေါ်သန်းမြင့် မိသားစုက သုတ ရသစာအုပ် ၁၆အုပ်ကို လည်းကောင်း၊ တောင်သာယာကျေးရွာနေ ဒေါ်လှိုင်က ငွေကျပ်၁၀၀၀၀၊ ဦးထွန်းမြက ငွေကျပ် ၁၀၀၀၀၊ ဦးတင်မောင်က ငွေကျပ်၁၀၀၀၀နှင့် ဦးဖိုးဆယ်က ငွေကျပ် ၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ခရိုင်ဦးစီးအရာရှိက လက်ခံယူကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မေ ၅ ရက်က နဘူးအိုင်လမ်းဆုံရှိ မြို့အဝင်ဆိုင်းဘုတ်နှင့် မြေယာရှခင်းတွင် ပေါင်းမြက် ရှင်းလင်းခြင်း၊ စိန်မျက်ခုံးပင်များ ကိုက်ညှိခြင်း၊ ပန်းပင်များ ရေလောင်းပျိုးထောင်ခြင်းများကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်ကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများက ယာဉ်၊ စက်ယန္တရားများ အသုံးပြုဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)



# မွန်ပြည်နယ် တိုင်းရင်းဆေးဆရာအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်စည်းဝေး

**မော်လမြိုင် ဇွန် ၂**

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(မွန်ပြည်နယ်အသင်းခွဲ)နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တိုင်းရင်းဆေးဆရာ အသင်းခွဲများ ရွေးချယ် ဖွဲ့စည်းပွဲကို မေ ၂၇ ရက်က မော်လမြိုင် တိုင်းရင်းဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ သမားတော်ကြီး ဦးမောင်ဉာဏ်၊ အလုပ်အမှုဆောင်အဖွဲ့ဝင် နဝင်း ဦးငွေစိုး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် မွန်ပြည်နယ်တာဝန်ခံ ဦးကျော်ရှိန်၊ ပြည်နယ်ဦးစီးဌာနမှူး ဦးထွန်းမြင့်နှင့်အသင်းဝင်တိုင်းရင်းဆေးဆရာ ဆရာမများတက်ရောက်ကြသည်။

**ရွေးချယ်တာဝန်ပေး**

အခမ်းအနားတွင် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း မွန်ပြည်နယ်အသင်းခွဲ၊ မော်လမြိုင်ခရိုင်အသင်းခွဲ၊ သထုံခရိုင်အသင်းခွဲနှင့် မော်လမြိုင် မြို့နယ်နှင့် သထုံမြို့နယ်အသင်းခွဲတို့၏ အလုပ်အမှုဆောင်အသစ်များကို ရွေးချယ်ဖွဲ့စည်း တာဝန်ပေးအပ်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

# ကမ်းရိုးတန်းဒေသ၏ ရာသီဥတု ရေမြေအနေအထားအရ ချောင်းဆုံမြို့နယ်၌ စပါးစိုက်ပျိုးဖြစ်ထွန်း ဒေသခံတောင်သူများက စိုက်ပျိုးရေးဆိုင်ရာဌာနများနှင့် အမြဲမပြတ်ထိတွေ့လုပ်ကိုင် တိုးတက်ဖြစ်ထွန်းလာသော စိုက်ပျိုးမှုနည်းစနစ်များဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုး

နေပြည်တော် ဇွန် ၈

မွန်ပြည်နယ် မော်လမြိုင်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၆ ရက် နံနက် ၈ နာရီခွဲတွင် ဘီလူးကျွန်းဒေသ ချောင်းဆုံဆိပ်ကမ်းသို့ ရေယာဉ်ဖြင့်ရောက်ရှိကြပြီး ချောင်းဆုံမြို့နယ် နတ်မော်ကျေးရွာ ပန်းတိုင်အထွက်နှုန်း ဧက ၂၀၀ စံပြစိုက်ခင်း၌ကျင်းပသော မိုးစပါးစုပေါင်းထွန်ယက်စိုက်ပျိုးပွဲသို့ သွားရောက်ကြည့်ရှုအားပေးကြသည်။

## ကြည့်ရှုအားပေး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးပွဲ၌ ခင်းကျင်းရောင်းချလျက်ရှိသော မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သဘာဝမြေသြဇာအရောင်းဆိုင်နှင့် စက်မှုလယ်ယာဦးစီးဌာန လယ်ယာ(၁၆)နှင့် လယ်ယာ(၂၂)လက်တွန်း ထွန်စက်များနှင့် စက်ကိရိယာအစိတ်အပိုင်းများ အရောင်းဆိုင်တို့မှ သဘာဝမြေသြဇာများ၊ လက်တွန်းထွန်စက်များနှင့် စက်ကိရိယာအစိတ်အပိုင်းများကို ကြည့်ရှုအားပေးကြသည်။

စက်မှုလယ်ယာဦးစီးဌာနက ထုတ်လုပ်ရောင်းချလျက်ရှိသော လယ်ယာ(၂၂) လက်တွန်းထွန်စက်သည် အရည်အသွေးပိုမိုကောင်းမွန်ပြီး ထွန်ယက်ရာတွင် ပိုမိုတွင်ကျယ်ထိရောက်မှုရှိ၍ တောင်သူများ များစွာ ကြိုက်နှစ်သက်ကြကြောင်း သိရှိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✱





### စုပေါင်းထွန်ယက်နေမှု ကြည့်ရှုအားပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ချောင်းဆုံမြို့နယ် နတ်မော်ကျေးရွာ စံပြစိုက်ခင်း၌ကျင်းပသော မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးပွဲတွင် တောင်သူများ စုပေါင်းထွန်ယက်နေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

## “မြန်မာ့ပုလဲရောင်းချပွဲ ဇွန်– ၂၀၀၇” ကျင်းပပြီးစီး သုံးရက်အတွင်း ပုလဲအတွဲပေါင်း ၂၉၃ တွဲ ရောင်းချခဲ့ရ

ရန်ကုန် ဇွန် ၈

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ “မြန်မာ့ပုလဲရောင်းချပွဲ ဇွန်–၂၀၀၇”ကို နောက်ဆုံးနေ့အဖြစ် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဒူးဇစ်အင်းလျားလိတ်ဟိုတယ်၌ ရောင်းချသည်။

စာမျက်နှာ ၁၄ ကော်လံ ၅ ●

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## NLD ပါတီခေါင်းဆောင်များ၏ ကိုယ်ကျိုးရှာလုပ်ရပ်များ အနောက်နိုင်ငံကြီးအချို့အပေါ် မှီခိုအားထားလွန်းပြီး နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်နေမှုများကြောင့် အရာတော်မြို့နယ်နှင့် ရေဦးမြို့နယ်တို့မှ ပါတီဝင်ကိုးဦး နုတ်ထွက်

ရန်ကုန် ဇွန် ၈

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးကျော်သိန်း၊ ဦးတင်မြင့်၊ ဦးကံဝင်း၊ ဦးနေဝင်း၊ ဦးဝင်းဦး၊ ဦးကျော်လင်း၊ မတင့်(ခ)မခင်မာတင့်နှင့် မဝင်းစိန်တို့ ရှစ်ဦးသည် မေ ၂၈ ရက်တွင်လည်းကောင်း၊ ရေဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးစက်ရှင်သည် မတ် ၈ ရက်တွင်လည်းကောင်း ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

### နုတ်ထွက်

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် (NLD) ပါတီ ခေါင်းဆောင်များ၏ ကိုယ်ကျိုးရှာလုပ်ရပ်များ၊ အနောက်နိုင်ငံကြီးအချို့အပေါ် မှီခိုအားထားလွန်းပြီး သံရုံးများမှတစ်ဆင့် ညွှန်ကြားချက်များကို လိုက်နာအကောင်အထည်ဖော်ကာ နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း လုပ်ဆောင်နေမှုများကြောင့် ပါတီဝင်အဖြစ် ဆက်လက် ပါဝင်လုပ်ကိုင်လိုစိတ် မရှိတော့ကြောင်း၊ နိုင်ငံတော်အစိုးရနှင့်ပူးပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုသာ ဆောင်ရွက်လိုတော့သဖြင့် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

9-6 (20) 1 6/8/07, 2:13 PM